ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ သောကြာနေ့၊ (14-1-2011) (မြဲ၄၄)

အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသကို ၂၀၁၅ ခုနှစ်တွင် စတင်ပါဝင်ရမည်
ယင်းအချိန်တွင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်အောင် ယခုကစတင်၍
နည်းပညာအဆင့်မီ၊ အရည်အသွေးမြင့် စက်မှုထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်
နိုင်ငံတော်စီးပွားရေး၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်ကြရန်လိုအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဘဝသစ် နယ်လှည့်အသိပညာပေးအဖွဲ့၏ ပညာပေးပြခန်းနှင့် သဘာဝဘေးဒဏ်ခံနိုင်သည့် နေအိမ်နမူနာပုံစံများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲ၊ နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Function Hall ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်(AFEO)မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းဝင်များ၊ အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်ရရှိကြသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် **စာမျက်နှာ ၆ ကော်လံ ၁ သို့**✳

နာဂစ်လွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေး ကာကွယ်ရေးလုပ်ငန်းများကို ဒေသဖွံ့ဖြိုးရေးနှင့် ဒွန်တွဲဆောင်ရွက်ခဲ့
ဧရာဝတီတိုင်းဒေသကြီးသည် အတိတ်ကာလနှင့် မည်သို့မျှ နှိုင်းယှဉ်၍မရနိုင်အောင် အရှိန်အဟုန်ဖြင့် တိုးတက်လာ

နေပြည်တော် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မော်လမြိုင်ကျွန်းမြို့ရှိ အဆိုပါဆေးရုံ ဥပစာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်၍ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၄-၁-၂၀၁၁
(သောကြာနေ့)

စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာ တိုးမြှင့်ဖြည့်ဆည်း

နိုင်ငံတော်၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံသည်။ နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် ဖော်ဆောင်နေကြပြီ။ လယ်ယာကဏ္ဍ သီးနှံစုံအထွက်တိုးရေး အစီအမံများ ချမှတ်ကြိုးပမ်းလျက်ရှိသည်။

စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးကို အလေးထားသည်။ နိုင်ငံတစ်ဝန်း ဆည်တမံ ရေထိန်းတံခါးပေါင်း နှစ်ရာကျော် တည်ဆောက်ပေးခဲ့ပြီ။ ဆည်တမံ မတည်ဆောက်နိုင်သည့် ဒေသများတွင် မြစ်ရေတင်လုပ်ငန်းသုံးရာကျော်နှင့် ရေတွင်းပေါင်းရှစ်ထောင်ကျော် တူးပေးထားပြီ။ ယခုအခါ ဆည်ရေသောက် စိုက်ပျိုးမြေဧက နှစ်သန်းကျော်အထိ ရှိနေပြီ။

တစ်ဖက်မှလည်း မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုးလာကြရာ မြေလွတ်မြေရိုင်းဧက ၂၆ သန်းကျော် ရှိသည့်အနက် ဧက ၁၁ သန်းကျော် စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ မိုးစပါး၊ နွေစပါးသာမက အခြေခံစားကုန်သီးနှံ ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ချည်မျှင်ရှည်ဝါနှင့် စားဖိုဆောင်သီးနှံများ သီးထပ်သီးညှပ်စိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြပြီ ဖြစ်သည်။ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံပြည့်စုံရုံမျှမက ပိုလျှံစွာ ထုတ်လုပ်တင်ပို့နိုင်နေပြီ ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်နေပြီ။ စိုက်ပျိုးရေများ လုံလောက်စွာ ရရှိနေပြီ။ သီးနှံစုံအထွက်တိုးရေးတွင် သွင်းအားစုများ အပြည့်အဝ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေးသည် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ အဓိက သွင်းအားစုများတွင် ပါဝင်သည့် ဓာတ်မြေဩဇာများ လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ပေးနိုင်ရန် လိုအပ်သည်။

စွမ်းအင်ဝန်ကြီးဌာနက လယ်ယာကုန်ထုတ်စွမ်းအား မြင့်မားလာစေရေး အထောက်အကူပြု ဓာတ်မြေဩဇာစက်ရုံများ တည်ဆောက်လျက်ရှိသည်။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်)ကို ဇန်နဝါရီ ၁၁ရက်က ဖွင့်လှစ်လိုက်သည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အိုးဘိုကျေးရွာအနီးတွင် တည်ဆောက်ထားပြီး တစ်နေ့လျှင် အမိုးနီးယား ၃၂၅ တန်နှင့် ယူရီးယားတန်ချိန် ၅၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)ကို ဒီဇင်ဘာလအတွင်းက ဖွင့်လှစ်ခဲ့သည်။ ဓာတ်မြေဩဇာစက်ရုံများ တိုးချဲ့တည်ဆောက်လာနိုင်သဖြင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာ လိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ တည်ဆောက်ပြီးစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် လယ်ယာကဏ္ဍသွင်းအားစုများ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပါသည်။ ။

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ သုံးခွရွာနေ ဦးအေးမောင်-ဒေါ်စန်းကြည်မိသားစုက ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အထက(၃) သာကေတ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

အထက(၃) သာကေတ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း သိရီရတနာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသော ဆရာကြီး၊ ဆရာမကြီးများကြွရောက်ကြပါရန်၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးတင်မြင့် ဖုန်း-၇၃၀၀၅၂၅၉၊ ဦးတင်ရွှေ ဖုန်း-၅၅၁၁၇၁၊ ဦးဝင်းဗိုလ် ဖုန်း-၀၉-၅၁၁၂၇၆၂၊ ၅၄၇၂၃၃နှင့် ဒေါ်ခင်သိန်းဝင်း ဖုန်း-၀၉-၅၄၀၆၈၄၁၊ ၇၂၀၁၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကျိုင်းတုံ-တုံတာ-မိုင်းပျဉ်းကားလမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၆ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-တုံတာ-မိုင်းပျဉ်းကားလမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နမ့်လီချောင်းကူးတံတား ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ဝမ်တာခက်တံတားသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းပျဉ်း-ဆွတ်ဝိုး-မက်မန်းကားလမ်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နမ့်နန်းချောင်းနှင့် နမ့်ကျွတ်ချောင်းကူးတံတား ဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မက်မန်းမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ကုန်ပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် ရာသီသီးနှံမျိုးစေ့များ ပေးအပ်သည်။

တိုင်းမှူးသည် ဇန်နဝါရီ ၇ရက် နံနက်ပိုင်းတွင် မက်မန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ကုန်ပစ္စည်းများ၊ စာအုပ်စာစောင်များ၊ ရာသီသီးနှံမျိုးစေ့များ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် ဆန်အိတ်များ ပေးအပ်သည်။

ထို့နောက် မက်မန်းမြို့ ရေကန်သစ်ဆောက်လုပ်နေမှု၊ မက်မန်းမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ မက်မန်းပြည်သူ့ဆေးရုံနှင့် ဆွတ်ဝိုးပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား အာဟာရဖြည့် စားသောက်ကုန်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း လမ်းသစ်ဖွင့်ပွဲများ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက်ရှိ အရှည်ပေ ၅၂၀နှင့် အကျယ် ၁၂ ပေရှိ ခိုင်ရွှေဝါ(၂)လမ်း၊ အရှည်ပေ ၅၅၀နှင့် အကျယ် ၁၂ပေရှိ ခိုင်ရွှေဝါ(၃)လမ်းနှင့် အရှည်ပေ ၆၂၀နှင့် အကျယ် ၁၂ပေရှိ ဇေယျာဝတီ(၂)လမ်း ကွန်ကရစ် လမ်းသစ်များ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ လမ်းသစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သာကေတမြို့နယ် အမှတ်(၃၄) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် အလျားပေ ၁၂၀နှင့် အနံပေ ၃၀ရှိ တစ်ထပ် Steel Structure ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တာဝန်ရှိသူများ နှင့်အတူ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်နှင့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ယင်းနောက် ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက်ရှိ အရှည် ၄၈၅ ပေနှင့် အကျယ် ၁၁ပေရှိ သူဌေးကုန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ သာကေတမြို့နယ် ခိုင်ရွှေဝါ(၃)လမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(မြို့တော်စည်ပင်)

ထန်းတပင်မြို့နယ် မြဂဲ အမက ပညာရေးစုံညီပွဲတော်၌ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မချမ်းမြေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်ဇာစိုး ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

ရန်ကုန် ဇန်နဝါရီ ၁၃

New Year Special Sales Exhibition 2011 ပြပွဲကို ဇန်နဝါရီ ၁၄ရက်မှ ၁၇ရက်ထိ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

ပြပွဲကို Logic Myanmar မှ အဓိက စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး အင်တာနက်ဂျာနယ်က မီဒီယာပိုင်း ကူညီပံ့ပိုးသူအဖြစ် ပူးပေါင်းပါဝင်ထားသည်။ ပြပွဲတွင် အထူးအစီအစဉ်အဖြစ် ပြခန်းပေါင်း (၁၀၀)

၂၀၁၁ ခုနှစ်၏ IT Zone ကွန်ပျူတာပြပွဲ ကျင်းပမည်

ကျော်ပါဝင်မည့် IT Zone ကိုပါ ထည့်သွင်းပြသမည် ဖြစ်သည့်အတွက် Laptop များ၊ Desktopများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အမျိုးအစားစုံလင်စွာဖြင့် ရွေးချယ်ဝယ်ယူနိုင်မည် ဖြစ်သည်။

IT Zone တွင် ပြည်တွင်း နာမည်ကြီး နည်းပညာ Brand များဖြစ်သည့် Acer, Asus, Brother, Canon, Dell, Delux, Engenius, Foxcoon, Lenovo, MSI, Samsung, Suzuki စသည်တို့က နောက်ဆုံးပေါ်နည်းပညာများကို တင်ဆက်ပြသမည်ဖြစ်ပြီး ရန်ကုန်မြို့၏ နာမည်ကျော်ကွန်ပျူတာ အရောင်းဆိုင်များဖြစ်ကြသည့် Citicom, UNIQUE, Asia Tech, King Service Wisdom, Idea Link, King Power , King Empire, Top Power, Tha Paye Pwint, Eastern , Fidonet, Access Spetrum, Thein Minn စသည့် အရောင်းဆိုင်များကလည်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အထူးနှုန်းထားများဖြင့် အပြိုင်အဆိုင် ရောင်းချကြမည်ဖြစ်သည်။

ထိုပြပွဲတွင် အထူးအစီအစဉ်အနေဖြင့် ငွေကျပ်သုံးသိန်းကျော်တန်ဖိုးရှိသည့် Pentium Dual Core နှင့် 18.5" Acer LED Monitor ပါဝင်သော ကွန်ပျူတာ အသစ်စက်စက်တစ်စုံကို ငွေကျပ် ၁၉၉၀၀၀ဖြင့် အရေအတွက် ကန့်သတ် ရောင်းချသွားမည်ဖြစ်သည်။

ပြပွဲ လာရောက်သူများအနေဖြင့် နှစ်သစ်၏ အဆန်းသစ်ဆုံးထုတ်ကုန်များကို ဦးဦးဖျားဖျား လေ့လာခွင့် ရရှိကြမည့်အပြင် ကုမ္ပဏီအသီးသီးမှ စီစဉ်ဆောင်ရွက်ထားသော အထူးလျှော့ဈေးနှုန်းများကို ပိုင်ဆိုင်ရရှိကြမည်ဖြစ်ပြီး ကုမ္ပဏီအသီးသီးမှ တင်ဆက်သည့် အရောင်းမြှင့်တင်ရေး အစီအစဉ်များ ကံစမ်းမဲများကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်မည့်အခွင့်အရေးဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဦးထင်အောင်ထွန်း အုပ်ချုပ်မှုဒါရိုက်တာ (Logic Myanmar Co., Ltd.) ဖုန်း- ၀၉-၅၁၈၄၇၅၃၊ ဦးကျော်ဆန်းဦး အုပ်ချုပ်မှုဒါရိုက်တာ (UNIQUE Computer) ဖုန်း- ၀၉-၅၀၈၄၀၈၄နှင့် အင်တာနက်ဂျာနယ် ဖုန်း-၇၃၀ ၃၂၉၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံနှင့် အလုပ်ရုံများ အမှတ်(၂) စက်မှုဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ LED မီးသီး ထုတ်လုပ်မှုအလုပ်ရုံသို့ ရောက်ရှိပြီး 5W & 7W ရှိ High Power LED မီးသီးနှင့် Straw Head 5mm & 8mm ရှိ 0.06W Low Power LED မီးသီး ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်ဝသောထုတ်ကုန်များဖြစ်ရေး၊ ထုတ်လုပ်မှုစရိတ်သက်သာစေရေး မှာကြားသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၌ TE-31 ကုန်တင်ယာဉ်ကြီးများနှင့် ဆီတင်ယာဉ်ကြီးများ ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုလုပ်ငန်းများတွင် မိမိတို့ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ပိုမိုအသုံးပြုရေး၊ ထုတ်လုပ်သည့် ပစ္စည်းများအနေဖြင့် စွမ်းဆောင်မှုအရည်အသွေးကောင်းမွန်ရေး၊ သုံးစွဲရာတွင် တာရှည်ခံရေး၊ သုံးစွဲသူများနှစ်သက်စေမည့် အသွင်အပြင်ရှိရေးနှင့် အသုံးစရိတ်ချွေတာရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Dr. Thongloun Sisoulith တို့ (၁၀)ကြိမ်မြောက် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး၏ သဘောတူညီချက် မှတ်တမ်းကို သဘောတူလက်မှတ်ရေးထိုးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် သရက်ကုန်းပေါက်တော ကျေးလက်ဂဝံလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါ မုခ်ဦး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ပဲခူးခရိုင်ဥက္ကဋ္ဌ ဦးဝေဇင်ထွန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Dr. Thongloun Sisoulith ၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

(၁၀)ကြိမ်မြောက် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပတ်ခ်ဆေးမြို့ Champasak Grand Hotel အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Dr. Thongloun Sisoulith တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် နှစ်နိုင်ငံဝန်ကြီးများသည် နှစ်နိုင်ငံအကြား လက်ရှိဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံ နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု၊ ဘာသာရေး၊ အားကစားစသည့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ အကောင်အထည်ဖော်ရေးအတွက် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို အခြေခံ၍ ခင်မင်ပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ ပူးတွဲကော်မရှင်အစည်းအဝေး၌ ဇန်နဝါရီ ၉ ရက်တွင် ကျင်းပခဲ့သည့် အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေး အစီရင်ခံစာကို တင်သွင်းပြီး နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် (၁၀)ကြိမ်မြောက် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး၏ သဘောတူညီချက်မှတ်တမ်းကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းအစည်းအဝေးမကျင်းပမီ ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် နံနက်ပိုင်းတွင် အဆိုပါ ဟိုတယ်ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ အစည်းအဝေးများသို့ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်လည်း အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည်။

တက်ရောက်

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၉ ရက် ညနေပိုင်းတွင် Champasak Grand Hotel ၌ ချန်ပါဆတ်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Sonexay Sihpandone က တည်ခင်းသည့် ညစာစားပွဲသို့ လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက် ညပိုင်းတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Dr. Thongloun Sisoulith က တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

လေ့လာ

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ပတ်ခ်ဆေးသို့ ရောက်ရှိနေစဉ်အတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်၊ လာအို နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Chanthavy Bodhisane တို့လိုက်ပါလျက် ပတ်ခ်ဆေးမြို့ရှိ Watluang`စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး Utayan Bajiang Nature Resort ၌ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် တိုင်းရင်းသားကျေးရွာတို့ကို လေ့လာခဲ့သည်။ ဝန်ကြီး ဦးဉာဏ်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် ပတ်ခ်ဆေးမြို့မှ ဗီယင်ကျန်းမြို့သို့ လေကြောင်း ခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် ဗီယင်ကျန်းမြို့ မြန်မာသံရုံး၌ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Thongsing Thammavong အား ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံပြီး မွန်းလွဲပိုင်းတွင် ဗီယင်ကျန်းမြို့မှ လေကြောင်းခရီးဖြင့် ဗန်ကောက်မြို့မှတစ်ဆင့် ပြန်လည်ထွက်ခွာခဲ့ရာ ယင်းနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြင်းခြံမြို့ အထက(၁) ပထမအကြိမ် အာစရိယပူဇော်မည်

မြင်းခြံ ဇန်နဝါရီ ၁၃

မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစား ယူသွားကြသည့် အသက်(၆၀)နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း ပုပ္ပားခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဒေါ်ယုယုစမ်း အထက(၁)ကျောင်းအုပ် ဖုန်း-၀၆၆-၂၁၁၀၃၊ ဦးတင့်လွင် ဖုန်း-၀၉-၂၂ ၁၅၂၀၀၊ ဦးနေလင်း ဖုန်း-၀၉-၈၆၃ ၆၂၀၉၊ ဦးတင်မောင်မောင် ဖုန်း-၀၁-၇၃ ၀၂၈၆၀၊ ဦးစောလှမြင့် ဖုန်း-၀၉-၅၁၅၇ ၇၅၅၊ ဦးဝင်းနိုင်အေး ဖုန်း-၀၁-၇၀၁၂၇၃၊ ဦးကျော်ဆွေ ဖုန်း-၀၁-၅၅၆၈၉၄၊ ဦးကျော်ဝင်း(လှည်းကူး၊ အထကကျောင်းအုပ်) ဦးတင်ရွှေ(ဘိုမ-အထက်ဆင်) ဖုန်း-၀၉-၂၀၀၂၇၀၄၊ ဒေါက်တာနေမျိုး ဖုန်း-၀၉-၅၁၄၁၇၄၅၊ဦးမင်းသူ ဖုန်း-၀၉-၅၂၁ ၁၂၆၃၊ ဦးစောနိုင်ထွန်း ဖုန်း-၀၆၄-၂၃၆၄ ၄၊ ဒေါက်တာအေးမင်းစိုး ဖုန်း-၀၉-၅၀၁ ၃၅၃၃နှင့် ဦးစောလင်း ဖုန်း-၀၉-၄၇၁၂ ၇၅၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ဗိသုကာပညာရပ်ဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ ကြီးမှူးကျင်းပသော ပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၀၁/၂၀၁၁)ကို ဇန်နဝါရီ ၁၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room ၌ ကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲတွင်"Our City Yangon" ခေါင်းစဉ်ဖြင့် ဒေါက်တာကျော်လတ်က ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၇၂၃၁၀၄၊ ၅၁၉၆၇၃-၇၆ (လိုင်းခွဲ ၁၁၉) တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကိုင်ရိုအပ်ချုပ်ဆိုင်က အချိုးအစားကျနသော ဝတ်စုံများ ချုပ်လုပ်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၃

ကိုင်ရိုအပ်ချုပ်ဆိုင်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၇)လမ်း (အလယ်) အမှတ်(၁၉၀)မြေညီထပ်၌ ဖွင့်လှစ်ထားရာ ယခုအခါ ဆိုင်သက်တမ်း နှစ် (၅၀)ကျော်ပြီဖြစ်ကြောင်း သိရသည်။

ချုပ်ရိုး ချုပ်သားကောင်းမွန်သေသပ်ရမည်၊ ဈေးနှုန်းချိုသာရမည်၊ အပ်သူများစိတ်တိုင်းကျ ဖြစ်စေရမည်ဟူသည့် ခံယူချက်ထားရှိကာ လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၄ နာရီအချိန်ပြည့်၊ လုပ်သားအင်အားအပြည့်ဖြင့် နေ့ချင်းပြီးအပ်ထည်များကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆိုင်စတင် ဖွင့်လှစ်စဉ်က တပ်မတော်ဆိုင်ရာ ဝတ်စုံများကို အဓိက ဦးစားပေးချုပ်လုပ်ခဲ့ပြီး ချုပ်ရိုးချုပ်သား ကောင်းမွန်သေသပ်မှု၊ ဝတ်ဆင်သူများစိတ်တိုင်းကျမှုတို့ကြောင့် ပြင်ပအပ်ထည်များသာမက ဝန်ကြီးဌာနအလိုက် ဝတ်စုံများ၊ စက်ရုံအလုပ်ရုံများ၏ ဝတ်စုံများ၊ ကုမ္ပဏီများ၏ ဝတ်စုံများကိုလည်း အပ်သူများစိတ်တိုင်းကျ ချုပ်လုပ်ပေးနိုင်ခဲ့ကြောင်း။

တိုက်ပုံအင်္ကျီ၊ ရှပ်အင်္ကျီနှင့်အနောက်တိုင်းဝတ်စုံအမျိုးမျိုးကို ချုပ်လုပ်ပေးလျက်ရှိပြီး နေ့ချင်းပြီးနှင့် အိမ်အရောက်ပို့၊ ဌာနဆိုင်ရာအရောက်ပို့စနစ်များဖြင့်ပါ ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။ ယခုအခါ နေပြည်တော် သပြေကုန်းဈေး အမှတ် (န ၅၄/၅၅/၅၆)၌ ဆိုင်ခွဲ ဖွင့်လှစ်ထားပြီးဖြစ်သည်။

ဆက်သွယ်လိုပါက ရန်ကုန်တွင် ဖက်စ်-၉၅-၁-၃၉၁၅၇၈၊ ဖုန်း-၀၁-၃၈၅၁၃၆နှင့် ၃၇၂၇၄၃၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၄၆နှင့် ၀၆၇-၄၁၄၈၂၂ လိုင်းခွဲ (၈၄၆)ဖြစ်ပြီး ဆိုင်မှ ပိတ်စဖြင့် လေးထည်ချုပ်ပါက တစ်ထည် မေတ္တာလက်ဆောင်ထပ်မံချုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၇)လမ်း၌ ဖွင့်လှစ်ထားသော ကိုင်ရိုအပ်ချုပ်ဆိုင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၂၀ ၄။ အိုင်စီတီသုတ
- ၄း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ လျှပ်တစ်ပြက်
- ၄း၅၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၅း၀၀ ၈။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၅း၂၀ ၉။ မီးသတိပေးနှိုးဆော်ချက်
- ၅း၂၅ ၁၀။ သာယာသီကြွေးခေတ်ဆန်တေး
- ၅း၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -သက်ရှိသတ္တဝါတို့၏ ပျော်စံရာမြေ (အပိုင်း-၁)
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၂၇)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ သံစဉ်များနှင့်ကမ္ဘာ
- ၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၃။ စိုက်ပျိုးသုတ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၃၅)**
- ၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

ဂျပန်လေတပ်စွမ်းရည်မြှင့်တင်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးတိုက်တွန်း

တိုကျို ဇန်နဝါရီ ၁၃

တရုတ်နိုင်ငံက ၎င်း၏ရေဒါရှောင်ကွင်းနိုင်သည့် တိုက်လေယာဉ်ကို ထုတ်ဖော်ပြသပြီးသည့် နောက်တစ်ရက်တွင် ဂျပန်နိုင်ငံက ၎င်း၏ လေတပ် စွမ်းပကားတိုးမြှင့်ရန်အတွက် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များကို ဝယ်ယူသင့်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ အင်အားအကြီးဆုံးပြိုင်ဘက်ဖြစ်သည့် ဂျပန်ကို လော့ဟိဒ်မာတင်မှ ထုတ်လုပ်သော အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များကို ဝယ်ယူခြင်းဖြင့် ၎င်း၏ လေတပ်စွမ်းပကားမြှင့်တင်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးက တိုက်တွန်းခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် အက်ဖ်-၃၅ တိုက်လေယာဉ်ထက် ပိုမိုတန်ဖိုးကြီးမားသော ခေတ်မီသော အက်ဖ်-၂၂ တိုက်လေယာဉ်များကို ဝယ်ယူရန်စိတ်ဝင်စားကြောင်းပြသသည်။ သို့သော် အဆိုပါ တိုက်လေယာဉ်အမျိုးအစားကို ပြည်ပသို့ တင်ပို့ခြင်းအား အမေရိကန်နိုင်ငံက ခွင့်ပြုချက်ပေးထားခြင်းမရှိပေ။

အက်ဖ်-၃၅ သည်လည်း ရေဒါရှောင်ကွင်းနိုင်သော တိုက်လေယာဉ် အမျိုးအစားဖြစ်ပြီး တစ်စင်းလျှင် အမေရိကန် ဒေါ်လာ ၉၆ သန်းတန်ဖိုးရှိသည်။ အဆိုပါ တိုက်လေယာဉ်မျိုး အစင်း ၄၀ ခန့်ကို ဂျပန်နိုင်ငံက ဝယ်ယူဖွယ်ရာရှိသည်။ **အင်တာနက်။**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံ အကြီးအကဲများက ဝမ်းမြောက်သဝဏ်လွှာများ ပေးပို့လျက်ရှိသည်။

ကျူးဘားနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ကျူးဘားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိုဒရီဂွေဇ်ပါရင်ရာထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းလာရေး မိမိထပ်လောင်းအတည်ပြုပါကြောင်းဖြင့် ဖော်ပြထားသည်။

ဇန်နဝါရီ ၁၂ ရက်က ဖွင့်လှစ်လိုက်သော ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ပါတီညီလာခံ၌ ဝန်ကြီးချုပ် ငုယင်တန်ဒွန်း(ရှေ့-ယာ)အား တွေ့ရစဉ်။

လက်ဘနွန်အစိုးရအဖွဲ့ တာဝန်များမှ နုတ်ထွက်ရေး အတွက် ကြေညာချက် ထုတ်ပြန်ရန် လာရောက်သော ဟစ်ဇ်ဘိုလာတာဝန်ရှိသူများကို ဘေရွတ်မြို့မြောက်ပိုင်း၌ ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

ဗီယက်နမ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ကွန်မြူနစ်ပါတီခေါင်းဆောင်တိုက်တွန်း

ဟနွိုင်း ဇန်နဝါရီ ၁၃

ဗီယက်နမ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ အာရုံစိုက် လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီခေါင်းဆောင် နွန်ဒတ်မင်းက မြို့တော်ဟနွိုင်း၌ ဇန်နဝါရီ ၁၂ ရက်တွင် စတင်ကျင်းပသော ပါတီညီလာခံ၌ ပြောကြားလိုက်သည်။

ဗီယက်နမ်နိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူမှုရေးတိုးတက်မှုနှင့် သာတူညီမျှမှုတို့ ယှဉ်တွဲဖြစ်ပေါ်စေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ကွန်မြူနစ်ပါတီအကြီးအကဲက ပြောကြားသည်။

အာဏာရ ကွန်မြူနစ်ပါတီသည် ယခုကျင်းပသော (၁၁)ကြိမ်မြောက် ပါတီညီလာခံ၌ လာမည့်ဆယ်စုနှစ်အတွက် စီးပွားရေးရည်မှန်းချက်များကို အတည်ပြုချမှတ်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ခုနှစ်အထိ နှစ်စဉ် စီးပွားရေး တိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းရှိနေစေရန် လျာထားသည်။ ဖော်ပြပါနှစ်တွင် နိုင်ငံသားတို့၏ တစ်ဦးကျဝင်ငွေ ဒေါ်လာ ၃၀၀၀ အထိ ရောက်ရှိမည်ဟု မျှော်မှန်းကြောင်း ပါတီအကြီးအကဲက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံကို ခေတ်မီတိုးတက်သောနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် လာမည့် ၁၀နှစ် အတွင်း စက်မှုနိုင်ငံအဖြစ် ရပ်တည်လာရန် ရည်မှန်းထားသည်။

ပါတီညီလာခံတွင် ကိုယ်စားလှယ် ၁၄၀၀ခန့် တက်ရောက်လျက်ရှိသည်။ ပါတီညီလာခံကိုယ်စားလှယ်များသည် ပါတီခေါင်းဆောင်သစ်များကို ရွေးချယ်မည်ဖြစ်သည်။ ပါတီဗဟိုကော်မတီ၏ အဖွဲ့ဝင် ၂၀၀ အတွက် ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်မည်ဖြစ်သည်။ **အင်တာနက်။**

အီတလီနိုင်ငံ အစ်သ်နေးမီးတောင် အချိန်တိုပေါက်ကွဲမှုဖြစ်ပွား

ရောမ ဇန်နဝါရီ ၁၃

အီတလီနိုင်ငံ စစ္စလီကျွန်းရှိ အစ်သ်နေးမီးတောင်သည် ဇန်နဝါရီ ၁၂ ရက်က ပေါက်ကွဲမှုကြီးတစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်လှုပ်ရှားလာခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်များသည် တောင်ဆင်ခြေလျှောတစ်လျှောက် စီးကျခဲ့ပြီး ပြာမှုန်တန်းကြီးတစ်ခုကိုလည်း ကောင်းကင်ထက်သို့ မှုတ်ထုတ်ခဲ့ကြောင်း သိရသည်။ အစ်သ်နေးမီးတောင် ပေါက်ကွဲမှုကြောင့် စစ္စလီကျွန်း ကာတာနီးယားမြို့ရှိ ဖွန်တာနာရော့ဆာမြို့ လေဆိပ်ကို ညလုံးပေါက်ပိတ်ထားခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။ ပြည်တွင်းလေကြောင်းခရီးစဉ် အနည်းငယ်ကိုလည်း ဖျက်သိမ်းခဲ့ရသည်ဟုဆိုသည်။

အစ်သ်နေးမီးတောင်သည် နှစ်နာရီကြာ ပေါက်ကွဲမှု ဖြစ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကာတာနီးယားမြို့ မီးတောင်ဗေဒသိပ္ပံက ကြာသပတေးနေ့တွင် ပြောကြားသည်။

အစ်သ်နေးမီးတောင်သည် ဥရောပတိုက်၏ သက်ဝင်လှုပ်ရှားမှုအရှိဆုံး မီးတောင်ဖြစ်ပြီး ၁၉၉၂ ခုနှစ်တွင် နောက်ဆုံးအကြိမ် ပေါက်ကွဲမှုကြီး ဖြစ်ခဲ့သည်။ **အေပီ။**

လက်ဘနွန်နိုင်ငံရေးပြဿနာကြောင့် နယ်စပ်ရှိ အစ္စရေးတပ်ဖွဲ့များ အသင့်ပြင်ဆင်ထား

ဂျေရုဆလင် ဇန်နဝါရီ ၁၃ - **လက်ဘနွန်အစိုးရအဖွဲ့ ပြိုကွဲပြီးနောက် ပေါ်ပေါက်နေသော နိုင်ငံရေးရှုပ်ထွေးမှုများသည် နှစ်နိုင်ငံနယ်စပ်၌ အကြမ်းဖက်မှုများအသွင် ပြောင်းလဲလာဖွယ်ရှိခြင်းကြောင့် အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ တပ်ဖွဲ့ဝင်များကို အစ္စရေးအစိုးရက ကြာသပတေးနေ့တွင် အသင့်အနေအထား ပြင်ဆင်ထားရှိကြောင်း သတင်းများတွင် ဖော်ပြသည်။**

အီရန်နိုင်ငံ ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာ စစ်သွေးကြွအုပ်စုနှင့် ၎င်း၏မဟာမိတ်များသည် လက်ဘနွန်ညွန့်ပေါင်းအစိုးရအဖွဲ့မှ ဇန်နဝါရီ ၁၂ ရက်က နုတ်ထွက်ခဲ့ရာ လက်ဘနွန်နိုင်ငံ၏ အခြေအနေသည် အစိုးမရနိုင်သည့် အနေအထား ကျရောက်ခဲ့ရသည်။

၂၀၀၅ခုနှစ်အတွင်းက လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ရာဖစ်စ်ဟာရီရီ လုပ်ကြံခံရမှုကို စုံစမ်းစစ်ဆေးနေသော ကုလသမဂ္ဂတရားရုံးတစ်ခုနှင့် လက်ဘနွန်အစိုးရက ပူးပေါင်းလုပ်ဆောင်နေခြင်းနှင့် ပတ်သက်၍ ဟစ်ဇ်ဘိုလာနှင့် လက်ဘနွန်အစိုးရအကြား သဘောထား ကွဲလွဲမှုရှိခဲ့သည်။

လက်ဘနွန်နိုင်ငံရေးအရှုပ်အထွေးမှ အများ၏အာရုံကို လွှဲပြောင်းရန် မြောက်ပိုင်းနယ်စပ်၌ ဟစ်ဇ်ဘိုလာအဖွဲ့က ပြဿနာတစ်စုံတစ်ရာဖန်တီးနိုင်ဖွယ် ရှိ၊ မရှိကို အစ္စရေးတပ်မှူးများက အနီးကပ် စောင့်ကြည့်နေကြောင်း အစ္စရေးမြောက်ပိုင်းစစ်ဌာနချုပ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့ရာတွင် မြောက်ပိုင်းဒေသမှ အစ္စရေးတပ်ဖွဲ့များကို အသင့်အနေအထား ပြင်ဆင်ထားသော်လည်း အရန်တပ်များ ဆင့်ခေါ်ခြင်းနှင့် အခြားဒေသမှ ပုံမှန်တပ်ဖွဲ့များကို မြောက်ပိုင်းသို့ ရွှေ့ပြောင်းမှုများ လုပ်ဆောင်ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **အေပီ။**

ဘရာဇီး၌ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် ၃၇၉ ဦးသေဆုံး

ရီယိုဒီဂျနေးရိုးပြည်နယ် ထရက်ဆိုပိုလစ်မြို့၌ ရေကြီးမှုဖြစ်ပွားပြီးနောက် ကျန်ရစ်သော အပျက်အစီးများကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

ထရက်ဆိုပိုလစ် ဇန်နဝါရီ ၁၃

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၌ ၄၄ နှစ်တာကာလအတွင်း အဆိုးရွားဆုံးသော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် ရေကြီးမှုများဖြစ်ပွားခဲ့ရာ ရီယိုဒီဂျနေးရိုးပြည်နယ်နှင့် ဆော်ပေါလိုပြည်နယ်များ၌ အနည်းဆုံးလူ ၃၇၉ ဦးသေဆုံး၍ ၄၆၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ရီယိုဒီဂျနေရိုးမြို့တော် မြောက်ဘက်မိုင် ၄၀ အကွာရှိ နိုဗာဖရီဘာဂိုမြို့၊ ထရက်ဆိုပိုလစ်မြို့နှင့် ပက်ထရိုပိုလစ်မြို့များ၌ ကျေးရွာများ ရေလွှမ်းမိုးခံခဲ့ရပြီး တောင်ခြေလူနေရပ်ကွက်များ မြေပြိုမှုကြောင့် ပျက်စီးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ရီယိုဒီဂျနေးရိုးပြည်နယ်၌ အနည်းဆုံးလူ ၃၅၆ ဦးသေဆုံးခဲ့ပြီး လူနေအိမ် ၂၇၀၀ ပျက်စီးခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဆော်ပေါလိုပြည်နယ်၌ ရေလွှမ်းမိုးမှုကြောင့် လူ၂၃ဦးသေဆုံးခဲ့ပြီး လူနေအိမ် ၁၉၀၀ ခန့် ပျက်စီးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ရီယိုဒီဂျနေးရိုးပြည်နယ်မြောက်ပိုင်း၌ နောက်လေးရက်ထိတိုင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

ဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်က သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသများ၌ ထောက်ပံ့ရေးနှင့်ကယ်ဆယ်ရေး လုပ်ငန်းများလုပ်ကိုင်ရန် အမေရိကန်ဒေါ်လာ ၄၁၈ သန်း အသုံးပြုခွင့်ပေးထားကြောင်း သိရသည်။ **အင်တာနက်။**

ပင်လယ်ကွေ့စစ်ပွဲနောက်ပိုင်း ကူဝိတ်ဝန်ကြီးချုပ် အီရတ်သို့ ပထမဆုံးအကြိမ် ရောက်ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃ - ကူဝိတ်ဝန်ကြီးချုပ် ရှိတ်နက်ဆာမိုဟာမက် အယ်လ်-အာမက် အယ်လ်ဆာဘားသည် ၁၉၉၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သော ပင်လယ်ကွေ့စစ်ပွဲနောက်ပိုင်း အီရတ်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီ ၁၂ ရက်က ရောက်ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကူဝိတ်ဝန်ကြီးချုပ် ရှိတ်နက်ဆာကို အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီက ဘဂ္ဂဒက်လေဆိပ်၌ ဆီးကြို နှုတ်ဆက်ခဲ့သည်။

ဝန်ကြီးချုပ်နှစ်ဦးတို့သည် အပြုသဘောဆောင်သောအမြင်များဖြင့် နှစ်နိုင်ငံဆက်ဆံရေးအကြား ဖြစ်ပေါ်နေသော အရေးကိစ္စများကို ဖြေရှင်းရန်လည်း ဆွေးနွေးခဲ့ကြသည်။ အီရတ်နှင့်ကူဝိတ်နိုင်ငံတို့သည် ကြွေးမြီပြဿနာအပါအဝင် ၁၉၉၀ ပြည့်နှစ် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားချိန်ကစ၍ တည်ရှိခဲ့သော ပြဿနာများကို ဖြေရှင်းရန်ရှိနေသေးသည်။

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်သည် ၁၉၉၀ ပြည့်နှစ် ဩဂုတ်လတွင် ကူဝိတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ဖူးသည်။ သို့ရာတွင် နိုင်ငံတကာတပ်ဖွဲ့များ၏ တုံ့ပြန်တိုက်ခိုက်မှုကြောင့် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားပြီး ခုနစ်လအကြာတွင် အီရတ်တပ်များ ကူဝိတ်နိုင်ငံမှ ဆုတ်ခွာခဲ့ကြသည်။

အီရတ်နိုင်ငံသည် ရေနံမှရရှိသောဝင်ငွေ၏ ၅ ရာခိုင်နှုန်းကို ကူဝိတ်နိုင်ငံသို့ စစ်လျော်ကြေးအဖြစ် ပေးနေရဆဲဖြစ်ပြီး လျော်ကြေးငွေ ၂၂ ဘီလီယံအနက် ၁၃ ဘီလီယံကို ကူဝိတ်ကရရှိခဲ့ပြီး ဖြစ်သည်။

ယင်းအပြင် ကူဝိတ်ကို သိမ်းပိုက်ထားစဉ်အတွင်း အီရတ်တို့ယူဆောင်သွားသော ပစ္စည်းများကို ပြန်ပေးရန် ကူဝိတ်က တောင်းဆိုထားသည်။ **အင်တာနက်။**

ဝန်ကြီး ဦးသိန်းဇော် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက် မိုဘိုင်းဆက်သွယ်ရေးစခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဇန်နဝါရီ ၁၀ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ပြည်ပဆက်သွယ်ရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသိန်းထွန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာချုပ်များ တက်ရောက်ကြပြီး အစည်းအဝေးတွင် မိုဘိုင်း အင်ဂျင်နီယာချုပ်က ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ထပ်မံတိုးချဲ့ ဆောင်ရွက်သွားမည့် CDMA စနစ်နှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ အင်ဂျင်နီယာချုပ်များက ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဆက်သွယ်ပြောဆိုမှုစနစ်များ အရည်အသွေးပြည့်မီစွာဖြင့် သုံးစွဲသူများရရှိစေရန် ဆက်သွယ်ရေးစခန်းများနှင့် ဆက်သွယ်မှုစနစ်များ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပြည်ပဆက်သွယ်ရေးစခန်းရှိ mm CERT (Myanmar Computer Emergency Response Team) စက်ခန်း၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။

ဝန်ကြီးသည် ဒုတိယဝန်ကြီး လိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့ရှိ ဝေဠုဝန် GSM ဆက်သွယ်ရေးစခန်း၌ ဟွာဝေးနည်းပညာကုမ္ပဏီမှ ပေးပို့သော GSM စနစ် စက်ပစ္စည်းသစ်များ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဟံသာဝတီ အော်တိုအိတ်ချိန်း စခန်း၌ IP TRANSIT SWITCH ROOM, CONTROL ROOM နှင့် SWITCHING ROOM တို့ကိုလည်းကောင်း၊ ဟံသာဝတီ နေရှင်နယ် GATEWAY စခန်းကိုလည်းကောင်း၊ လမ်းမတော်မြို့နယ်ရှိ WCDMA စနစ် စခန်းနှင့် CDMA(800) MHz စနစ် စခန်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးသည် ကွန်ပျူတာသုံး မြန်မာစာ အကောင်အထည်ဖော်ခြင်း အဖွဲ့လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် လမ်းမတော်မြို့နယ်ရှိ WCDMA စနစ် စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Power Grid Corporation မှ President, Mr.Liao Zelong၊ State Development & Investment Corporationမှ President, Mr.Hu Gang နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)** ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နမ့်လွေ၊ နမ့်ခ ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ "ကလေးများအတွက် အကောင်းဆုံး"
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အဆိုပြိုင်ပွဲ
၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၄၀ ၅။ နှောင်းခေတ်တေးပဒေသာ
၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၂၅ ၉။ တေးဂီတအစီအစဉ်
၅:၃၅ ၁၀။ "ရိုးသားဖြူစင် ကလေးတို့အသွင်"
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၂)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "လျှပ်တစ်ပြက်ဟာသများ"
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၁၉)**
၂၀။ သီချင်းချစ်သူ (ခိုင်မြဲသာ)
၂၁။ အစီအစဉ်ပြီး၏။

လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်းနှင့် GPS & Google Earth အသုံးချနည်းသင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

CONCORDIA Int'L Co.,Ltd မှ လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်း (၁၅/၂၀၁၁) ကို ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်နေ့အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ နေပြည်တော်ရှိCONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ကုန်းကြောင်းသုံး GPS အခြေခံသီအိုရီနှင့် လက်တွေ့တိုင်းတာခြင်းများ၊ Mapsource Software ဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများ၊ Google Earth Software အသုံးပြုခြင်းနှင့် မြေပုံပြုလုပ်ခြင်းများကို စနစ်တကျ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး GPS ဘာသာရပ်တစ်ခုတည်း သီးသန့်တက်ရောက်လိုသူများအတွက်လည်း အထူးအစီအစဉ်အနေဖြင့် စီစဉ်ထားရှိသည်။

ယင်းသင်တန်းတွင် မြေတိုင်းတာခြင်းကို ခေတ်မီ Instrument များဖြစ်သော Total Station ဖြင့် လက်တွေ့တိုင်းတာခြင်း (Engineering Survey, Topographical Survey)၊ Topcon Link Software ဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများ၊ Civil CAD Software ဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် GPS နှင့် မြေတိုင်းသင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ စတင်၍ သင်တန်းသားများ လက်ခံမည်ဖြစ်ပြီး အခြေခံပညာအထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။

အသေးစိတ်သိရှိလိုပါက နေပြည်တော်ရှိ CONCORDIA Int'L Co., Ltd. အမှတ်(၁၄၄) Shopping Complex (သီရိရတနာအဆင့်မြင့်ဈေး) ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂၊ ၀၉-၄၉၂၁၅၄၆၈ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။ (သတင်းစဉ်)

ကျောက်တံခါး အထက အာစရိယပူဇော်မည်

ကျောက်တံခါး ဇန်နဝါရီ ၁၃

ကျောက်တံခါးမြို့ အခြေခံပညာ အထက်တန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ပတ္တမြားခန်းမ၌ ကျင်းပမည့်ဖြစ်ရာ ကျောက်တံခါး အထကတွင် အနည်းဆုံး သုံးနှစ်တာဝန် ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူခဲ့ကြသည့် အသက်(၆၀)ပြည့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဦးဇော်တင့် (ရန်ကုန်) ဖုန်း-၀၁-၃၉၄၇၆၈၊ ၀၉-၈၀၃၃၁၉၅၊ ဦးညွန့်ရွှေ (ရန်ကုန်) ဖုန်း-၀၁-၆၄၁၃၃၇၊ ၀၉-၅၁၅၀၃၇၇၊ ဦးစိုးမိုးဝင်း (ပဲခူး) ဖုန်း-၀၅၂-၂၁၀၅၃၊ ဦးအေးလွင် (မန္တလေး) ဖုန်း-၀၂-၈၈၅၇၈နှင့် ၀၉-၆၈၀၇၁၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရန်ကုန်မြို့မှ သက်ကြီးအာစရိယပူဇော်ပွဲသို့ လိုက်ပါလိုသူများသည် ဦးဇော်တင့်နှင့် ဦးညွန့်ရွှေ ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)သို့ ဇန်နဝါရီ ၁၈ ရက်နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသား ရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပပြီးစီးခဲ့သော (၁၁)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက် ဂျူဒိုပြိုင်ပွဲ၏ အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုရရှိသွားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဂျူဒိုအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်စဉ်။

(ဂျူဒိုအဖွဲ့ချုပ်)

လေ့လာဖတ်ရှုလိုသူ အထူးများပြားနေသည့် ဥပဒေ၊ နည်းဥပဒေ စာအုပ်(၁၇)မျိုးအား ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် လိုအပ်သလောက် ရောင်းချပေးသွားမည်

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်သူအများ လေ့လာဖတ်ရှုနိုင်ရေးအတွက် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေ စာအုပ် (၁၇)မျိုးအား လေ့လာဖတ်ရှုလိုသူ အထူးများပြားနေသည့်အတွက် ဇန်နဝါရီ ၁၄ ရက်မှစ၍ ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် ပန်းဆိုးတန်းလမ်း(အောက်) ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့၌ လိုအပ်သလောက် ဖြန့်ချိရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အထူးအစီအစဉ်အနေဖြင့် ရုံးပိတ်ရက်များတွင်ပါ အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၌လည်း ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူများ၏ လူမှုစီးပွားရေးဘဝ စဉ်ဆက်မပြတ်မြင့်မားနေရေး ကိုယ့်ခွန်ကိုယ့်အားအပေါ် ယုံကြည်အားပြုပြီး ကြိုးပမ်းတည်ဆောက်ခဲ့

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲ၊ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✻ အာဆီယံမှ

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကြီးပင်ဖြစ်ကြောင်း၊ ယနေ့ ခန်းမကြီးထဲရောက်ရှိနေသည့် ပုဂ္ဂိုလ်အားလုံးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးဆိုသည့် တိုင်းပြုပြည်ပြု လုပ်ငန်းစဉ်ကြီးတွင် ရှေ့တန်းမှ ပူးပေါင်းပါဝင်နေကြသော ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းလုံခြုံပြီး တရားဥပဒေ စိုးမိုးမှုရှိသည့် နိုင်ငံရေးအခြေအနေကောင်း လိုအပ်ကြောင်း၊ ခိုင်မာတောင့်တင်းသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိရမည်၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်ကောင်းတွေ၊ Infrastructure များရှိရမည်၊ အရည်အသွေးမြင့်မားသည့် တတ်သိပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ရှိရမည်၊ စက်မှုနှင့် အဆင့်မြင့်နည်းပညာကို အခြေခံသော ကုန်ထုတ်လုပ်မှုကို ဦးတည်ရမည် စသည့် လိုအပ်ချက်များကို အသင်းဝင်အင်ဂျင်နီယာများအားလုံး သိရှိနားလည်ခံယူပြီးဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး စသည့် အခြေခံလိုအပ်ချက်များကို မဖြစ်မနေတည်ဆောက်ခဲ့သည့်နည်းတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအုတ်မြစ်ကောင်းများကိုလည်း ကဏ္ဍအလိုက် ခိုင်ခိုင်မာမာဖြစ်ပေါ်လာအောင်

ဆည်မြောင်းတာတမံအနေဖြင့် ယခင်က ၁၃၈ ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် တည်ဆောက်ပြီး ၃၇၁ ခုနှင့် တည်ဆောက်ဆဲလုပ်ငန်း ၂၆ ခု၊ မြစ်ရေတင်လုပ်ငန်း တည်ဆောက်ပြီး ၃၂၇ ခုနှင့် တည်ဆောက်ဆဲ ၄၁ ခုအထိ စိုက်ပျိုးရေရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အလားတူ ပညာရေးကဏ္ဍတွင် တက္ကသိုလ်ကျောင်းကြီးများ၊ ကျန်းမာရေးကဏ္ဍတွင် ခုတင် (၂၀၀)၊ ခုတင်(၃၀၀)၊ ခုတင်(၅၀၀)ဆေးရုံကြီးများ၊ ဆက်သွယ်ရေးကဏ္ဍတွင် တယ်လီဖုန်းရုံးများ၊ တယ်လီဖုန်းလိုင်းများ၊ ပို့ဆောင်ရေးကဏ္ဍတွင် လေယာဉ်ကွင်းများ၊ ဆိပ်ခံတံတားကြီးများ၊ ကွန်တိန်နာရပ်ဝန်းများ၊ လျှပ်စစ်ကဏ္ဍတွင် အကြီးစား၊ အလတ်စား၊ အသေးစား ရေအားလျှပ်စစ်စက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ စိုက်ပျိုးရေးကဏ္ဍတွင် ဆည်မြောင်းတာတမံများစသည့် အခြေခံအဆောက်အအုံများစွာကို ဆယ်စုနှစ် နှစ်ခုအတွင်း များစွာ အကောင်အထည်ဖော်တည်ဆောက်နိုင်ခဲ့ကြောင်း။

ယခုလို သိသိသာသာ ထင်ထင်ရှားရှား တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းတွင်ရှိသည့် မြန်မာအင်ဂျင်နီယာပညာရှင်များ၏ အတတ်ပညာစွမ်းပကားကို အကျိုးရှိရှိ ရယူအသုံးချဆောင်ရွက်နိုင်ခဲ့၍ ဖြစ်ကြောင်း၊ မြန်မာအင်ဂျင်နီယာများအနေဖြင့်လည်း နိုင်ငံတော်

ဦးတည်ချက်ရှိရှိ မဆုတ်မနစ်ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီးပွားရေးစနစ်ကို လုပ်အားအရင်းပြု ကုန်ထုတ်လုပ်မှုမှ စက်မှုနှင့်နည်းပညာအခြေပြု ကုန်ထုတ်လုပ်မှုသို့ တိုးတက်ကူးပြောင်းရောက်ရှိလာအောင် အခြေခံလိုအပ်ချက်များ ပြည့်စုံခိုင်မာစေရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် စက်မှုနိုင်ငံတော်သစ်ဆီသို့ တက်လှမ်းနိုင်မည့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာအောင်လည်း နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့သည့် နှစ်ပေါင်း(၂၀)ကျော်ကာလအတွင်း ပြည်ထောင်စုတစ်ဝန်း ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံပြီး စီမံကိန်းအဆင့်ဆင့်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်က တံတားလုပ်ငန်းအနေဖြင့် ပေ ၁၈၀ အထက်တံတားကြီးပေါင်း ၁၉၈ စင်းသာ ရှိခဲ့ရာမှ ယနေ့ဆိုလျှင် တည်ဆောက်ပြီး ၄၄၉ စင်းနှင့် တည်ဆောက်ဆဲ တံတား ၆၇ စင်း၊ လမ်းလုပ်ငန်းအနေဖြင့် ယခင်က ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခုဆိုလျှင် ဖောက်လုပ်ပြီး လမ်း ၂၁၃၆၁ မိုင်၊ ဖောက်လုပ်ဆဲလမ်း ၁၈၀၅ မိုင်၊ ရထားလမ်း/သံလမ်း မိုင်အနေဖြင့် ယခင်က ဖောက်လုပ်ပြီး သံလမ်း ၂၇၉၃ မိုင်သာရှိခဲ့ရာမှ ယခုဆိုလျှင် သံလမ်းမိုင်ပေါင်း ၄၄၀၂ မိုင်၊ ဖောက်လုပ်ဆဲရထားလမ်းခရီးမိုင် ၁၇၇၈ မိုင်ရှိကာ ဘူတာရုံပေါင်း ၄၈၇ ရုံရှိရာမှ ၈၉၉ ရုံအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

တည်ဆောက်ရေးလုပ်ငန်းတာဝန်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး မိမိတို့တတ်စွမ်းသမျှ အင်ဂျင်နီယာပညာအဖုံဖုံကို အသုံးချကာ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အလုပ်အကျွေးပြုရင်း တာဝန်ကျေခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယနေ့အချိန်အခါ နိုင်ငံတစ်ဝန်း နေရာဒေသအနှံ့အပြားတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အင်ဂျင်နီယာနှင့် ဗိသုကာနည်းပညာ ကြိုးပမ်းအားထုတ်မှု ရလဒ်များအဖြစ် ခေတ်မီ အခြေခံအဆောက်အအုံကြီးများ အပြိုင်အဆိုင် ခုံ့ခုံ့ညားညား ပေါ်ထွန်းလာနေပြီဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ စဉ်ဆက်မပြတ်မြင့်မားနေရေးကို ဦးတည်သည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာတွင် ကိုယ့်ခွန်ကိုယ့်အားအပေါ် ယုံကြည်အားပြုပြီး ကြိုးပမ်းတည်ဆောက်ခဲ့ရကြောင်း၊ ကိုယ်ပိုင် သဘာဝသယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချပြီး ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်အတတ်ပညာ၊ ကိုယ်ပိုင်စွမ်းအားများဖြင့် တည်ဆောက်နိုင်မှုလည်း ရေရှည် အကျိုးခံစားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ အနာဂတ်ခရီးလမ်းအတွက်လည်း အစစအရာရာ အခြေခိုင်မာနေမည် ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့် ယုံကြည်ချက်နှင့်အညီ ပြည်တွင်းမှာရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များကို စုစည်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် အမျိုးသားရေးအင်အားစုများအဖြစ် ဖွဲ့စည်းပေးခဲ့ရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း။

၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် ယနေ့ဆိုလျှင် အသင်းကြီး၏ သက်တမ်းသည် (၁၅) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် အရှိန်အဟုန်ကောင်းကောင်းဖြင့် ခရီးဆက်နေပြီဖြစ်ကြောင်း၊ ယနေ့အထိ အသင်းဝင်ပေါင်း ၂၄၂၀၀ ကျော်ကို တိုးချဲ့စည်းရုံးနိုင်သည်ကို တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် တောင့်တင်းခိုင်မာသော အမျိုးသားရေးအင်အားစုတစ်ရပ်အဖြစ် တည်ရှိနေပြီဟု ပြောနိုင်မည်ဖြစ်ကြောင်း၊ မြန်မာအင်ဂျင်နီယာအတတ်ပညာရှင်များကို စုစည်းထားသည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးသည် ယခုဆိုလျှင် နိုင်ငံတော်၏ အင်ဂျင်နီယာနည်းပညာဆိုင်ရာ တစ်ခုတည်းသော အမျိုးသားရေးအဖွဲ့အစည်းကြီးအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် မြန်မာအင်ဂျင်နီယာများကို တိုးချဲ့စည်းရုံးနိုင်ရုံသာမကဘဲ အာဆီယံဒေသတွင်းက တခြားသော အင်ဂျင်နီယာအဖွဲ့အစည်းများနှင့်လည်း တက်တက်ကြွကြွ ပူးပေါင်းဆက်သွယ်ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိသည်ဟု အလေးအနက်ထား ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▼

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၁၁ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၂၀	MRTV-4 သတင်း
၅း၃၀	"လူမမာနဲ့တူစွာတို့သူငါ" တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၃၅)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၀၂)**
၈း၄၀	Activities In The City [အထက(၃)ဗဟန်း တတိယ အကြိမ်မြတ်ဆရာပူဇော်ပွဲ]
၈း၅၅	ဆန်းသစ်သော ရှင်သန်မှုများနှင့် ရုပ်တည်နေသော SCG ပါ
၉း၁၀	Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
၉း၄၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၄)
၁၀း၀၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၂၅	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) ၏ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ(၄/၂၀၁၀)
၁၀း၄၅	Chatrium Dream Wedding Fair 2010 (Part-3)
၁၁း၁၀	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဒါရိုက်တာဝိုင်းနှင့် တွေ့ဆုံခြင်း)
၁၁း၃၀	တပည့်တို့ထာဝစဉ်မမေ့ကြပါသည် မြတ်ဆရာများ၏ကျေးဇူးဂုဏ်ရည်
၁၁း၅၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၂၀	ရန်ကုန်မြင်ကွင်းကျယ် (Continuous Dental Education Program)
၁၂း၃၅	Make In A Delicious Way (Kylie Kwoung Simply Magic New Shanghai)
၁း၀၀	"လူမမာနဲ့တူစွာတို့သူငါ" တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	VJ Choice
၃း၀၀	Activities In The City [မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်)အမျိုးသမီးဆရာဝန်များ သက်ကြီးပူဇော်ပွဲ]
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၅)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၀၂)**
၄း၄၅	၁၉၇၄-၁၉၇၈ ခုနှစ် ရူပဗေဒ ကျောင်းသား/ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ
၅း၀၀	ထာဝစဉ်ထင်ကျန်နေမည့် ပုလဲရတုအခမ်းအနားတစ်ခု
၅း၁၅	ရန်ကုန်မြင်ကွင်းကျယ် [အ. ထ. က(၄)အလုံကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ]
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၃၆)**
၇း၁၅	The Champion of Dance
၈း၀၀	MRTV-4 သတင်း
၈း၃၀	ရန်ကုန်မြင်ကွင်းကျယ် (EMBA အာစရိယပူဇော်ပွဲ)
၈း၄၀	ဂီတသရုပ်ပြခန်း (တေးသံရှင်မျိုးမဟာကျော်ရဲ့ ၂၄ နာရီကောင်မလေး)
၉း၀၅	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၃)**
၁၀း၁၀	Science For All (သင်နေမယ့်တိုက်ခန်းဟာဘယ်လိုတိုက်ခန်းမျိုးဖြစ်သင့်သလဲ) (အပိုင်း-၁) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀း၃၅	ရသစုံစွာတေးအလင်္ကာ
၁၀း၅၅	World of Knowledge (Inside Super Truck Rally)
၁၁း၄၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၂း၀၀	Celebrity Profile (မြို့ရွှေမန်းသားဖိုးချစ်နှင့် တွေ့ဆုံခြင်း)
၁၂း၃၀	မြန်မာ့လက်မှုယွန်းအနုပညာ
၁၂း၅၀	Shooting Location (ခင်ယုမေအိမ်)
၁း၁၀	ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁း၂၀	မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
၁း၃၅	ပုံဖော်ထွင်းထုမြန်မာ့ပန်းပု
၁း၅၀	Say It In English
၂း၀၅	လွှမ်းတင်သည့်ကြိုး (ဇင်ဝိုင်း၊ ဇင်မျိုး၊ မြတ်ကေသီအောင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ-Nova)
၂း၂၀	တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
၂း၄၅	ပေါ့ပေါ့ပါးပါးဂေါက်သီးအားကစား (အခြေခံ) (လေးပုံသုံးပုံလွှဲချက် ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း)
၂း၅၀	အလှဆင်စရာပရိဘောဂကမ္ဘာ (တော်ဝင်မိသားစု ပရိဘောဂ အရောင်းပြခန်း)
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	ပတ္တမြားမြေသို့အလည်တစ်ခေါက်
၄း၂၀	သုဝဏ္ဏဘူမိမြို့ဟောင်းမှကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
၄း၅၀	မဟိယင်္ဂဏ(ခေါ်) မရှိခဏစေတီတော်. . . ဖူးကြစို့နော်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

▼ စာမျက်နှာ ၆ မှ

ကျင်းပသည့် (၂၈)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ညီလာခံ (CAFEO-28)ကို တက်ရောက်ခဲ့ကြောင်း၊ ယင်းညီလာခံတွင် အာဆီယံ ၁၀ နိုင်ငံအပါအဝင် ပြည်ပနိုင်ငံ ၁၆ နိုင်ငံမှ ကိုယ်စားလှယ် ၁၁၀၀ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၈၁ ဦး တက်ရောက်ခဲ့ကြောင်း၊ ယင်းညီလာခံတွင် မြန်မာနိုင်ငံအနေဖြင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ စာတမ်းသုံးစောင်ကို တင်သွင်းနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထူးခြားချက်အနေဖြင့် ယင်း (CAFEO) ညီလာခံတွင် မြန်မာနိုင်ငံ၌ အင်ဂျင်နီယာအတတ်ပညာ ထွန်းကားတိုးတက်ရေးအတွက် ဦးစီးဦးဆောင်ပြုခဲ့ကြသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီး သုံးဦး၊ ဒုတိယဝန်ကြီး တစ်ဦးနှင့် ပညာရှင်တစ်ဦးတို့ကို အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်ပညာရှင် အသင်းသား (Honorary Fellow) ဘွဲ့အပ်နှင်းခဲ့ပြီး ကာယကံရှင်များကိုယ်စား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌက လက်ခံရယူခဲ့ကြောင်း၊ ယနေ့ကဲ့သို့ မင်္ဂလာရှိသည့် နေ့မြတ်အချိန်အခါတွင် ဂုဏ်ထူးဆောင်ပညာရှင်အသင်းသား (Honorary Fellow) ဘွဲ့တံဆိပ်များကို အဆိုပါပုဂ္ဂိုလ်ကြီးများအား အပ်နှင်းပေးအပ်သွားမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကြီးအဖြစ်သို့ လျင်လျင်မြန်မြန် ကူးပြောင်းတက်လှမ်းနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် သက်ဆိုင်ရာစက်မှုဇုန်များအလိုက် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီများကို ထပ်မံဖွဲ့စည်းပြီး စက်မှုလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း၊ စက်မှုနည်းပညာများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ကိုယ်စားလှယ်များသည်လည်း သက်ဆိုင်ရာနည်းပညာကော်မတီများတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်ပြီး နိုင်ငံတော်၏ စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း။

ယနေ့ခေတ်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၊ အီလက်ထရွန်နစ်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုသည် ကြီးမားကျယ်ပြန့်ပြီး တစ်ရှိန်ထိုးမြန်ဆန်သွက်လက်နေကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် နည်းပညာရပ်တွေကို အချိန်နှင့်တစ်ပြေးညီ လေ့လာသင်ယူတတ်မြောက်ရေးကိုသာမက မိမိနိုင်ငံနှင့် မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ခေတ်မီ နည်းပညာရပ်များကို လက်တွေ့ကျကျ အသုံးချနိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းနေကြရခြင်းဖြစ်ကြောင်း၊ တိုင်းပြည်က ကြိုးစားပမ်းစားမွေးထုတ်ပေးလိုက်သည့် အရည်အချင်း မြင့်မားသော မြန်မာအင်ဂျင်နီယာ ပညာရှင်များအနေဖြင့် မိမိတတ်ကျွမ်းနားလည်သည့် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများဖြင့် နိုင်ငံတော်ကြီး အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာအောင်၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း

အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်ဧည့်သည်တော် Mr. Choo Kok Beng က (၂၈)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ညီလာခံက အပ်နှင်းချီးမြှင့်သည့် AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေထံ ပေးအပ်စဉ်။ (သတင်းစဉ်)

တိုးတက်မြင့်မားလာအောင်၊ နိုင်ငံတော်၏ အဓိကရည်မှန်းချက်ဖြစ်သည့် ခေတ်မီစက်မှုနိုင်ငံတော်ကြီးအဖြစ်သို့ ကူးပြောင်းတက်လှမ်းနိုင်အောင် ဝိုင်းဝန်းတာဝန်ယူကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ အစဉ်တစိုက် တိုးချဲ့တည်ဆောက်ပေးနေခြင်းသည် အမျိုးသားစီးပွားရေးမဏ္ဍိုင်ကို လယ်ယာစိုက်ပျိုးရေးအခြေပြု မူလဘဝမှ စက်မှုနည်းပညာအခြေပြုရည်မှန်းချက်ပန်းတိုင်သို့ ဦးတည်လျှောက်လှမ်း ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်တဖြည်းဖြည်းချင်းပုံဖော်နိုင်အောင် နိုင်ငံတော်၏ အချက်အချာဒေသများတွင် စက်မှုဇုန်များထူထောင်ပေးနေသကဲ့သို့ နိုင်ငံပိုင် စက်ရုံများ၊ အလုပ်ရုံများကိုလည်း ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင်လည်း အားပေးကူညီလျက်ရှိကြောင်း၊ ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ် နိုင်ငံတကာစီးပွားရေးတွင် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်မြင့်မားစေရေးအတွက် အရင်းအနှီး၊ သဘာဝအရင်းအမြစ်နှင့် အရည်အသွေးနိမ့်ကျသည့် လုပ်သားအင်အားစုအပေါ် အဓိကအမှီပြုအားထားနေရသော ကျစ်လျစ်မှုအားနည်းသည့် တိုးတက်မှုပုံသဏ္ဌာန်မှ အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်၊ ခေတ်မီစက်မှုနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုတို့ဖြင့် စွမ်းရည်မြင့်မားပြီး သိပ်သည်းမှုရှိသည့် ပုံသဏ္ဌာန်သစ်ကို တိုးတက်ကူးပြောင်းရောက်ရှိနိုင်ရန် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်သစ်အနေဖြင့် ကမ္ဘာ့စီးပွားရေးနှင့် အလိုက်သင့်ပေါင်းစည်းဆက်သွယ်နိုင်မည့် နည်းပညာအဆင့်မြင့်အမျိုးသားစီးပွားရေးအခြေအနေကို ရောက်ရှိနိုင်ရန်အတွက် နိုင်ငံတော်၏ အမျိုးသားကုန်ထုတ်လုပ်မှုတန်ဖိုးတွင် တီထွင်ဖန်တီးမှုစီးပွားရေး Creative Economy ၏ အချိုးအစားမြင့်မြင့်မားမား ပါဝင်လာအောင်လည်း နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသကို ၂၀၁၅ ခုနှစ်တွင် စတင်ပါဝင်ရတော့မည်ဖြစ်သည့်အတွက် ယင်းအချိန်တွင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်အောင် ယခုကပင် စတင်၍ စံချိန်စံညွှန်းမီ၊ နည်းပညာအဆင့်မီ အရည်အသွေးမြင့်မားသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်ပြီး နိုင်ငံတော်စီးပွားရေး၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်ကြရန်လိုအပ်မည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနှင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်၍ မကြာမီ လွှတ်တော်အရပ်ရပ်ကို ဆင့်ခေါ်ကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်၏ အပြန်အလှန်ထိန်းကျောင်းမှုများ စနစ်တကျထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင် မြန်မာ နိုင်ငံအင်ဂျင်နီယာအသင်းကြီးကလည်း နိုင်ငံတော်၏ အမျိုးသားရေးအင်အားစုကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ ကျရာကဏ္ဍအသီးသီးမှ ပူးပေါင်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးသည် ရရှိခဲ့ပြီးသောအောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာအင်ဂျင်နီယာသားကောင်းများအဖြစ် ဆက်လက်ဆောင်ရွက်သွားကြပါ။ မြန်မာ့အင်ဂျင်နီယာအတတ်နည်းပညာစွမ်းပကားကို နိုင်ငံနှင့်လူမျိုးအတွက် အထိရောက်ဆုံးအသုံးချရင်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် အင်ဂျင်နီယာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက် ကြိုးပမ်းကြပါ။ နိုင်ငံတော် ရှေ့ဆက်သွားမည့် ခရီးလမ်းတစ်လျှောက် မိမိတို့၏ အင်ဂျင်နီယာအတတ်ပညာများနှင့် ထိထိရောက်ရောက် အကျိုးပြုဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဟန်ဇော်နှင့် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်ဧည့်သည်တော် Mr. Choo Kok Beng တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က အသင်း၏ဆောင်ရွက်ချက်အကျဉ်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်ဧည့်သည်တော် Mr. Choo Kok Beng က ၂၀၁၀ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ညီလာခံက အပ်နှင်းချီးမြှင့်သည့် AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို မြန်မာနိုင်ငံမှ ရရှိကြသော အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းကိုယ်စား ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဟိန်းထက်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦး(အငြိမ်းစား)တို့အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဟန်ဇော်က AFEO မှ ဂုဏ်ထူးဆောင် ဧည့်သည်တော် Mr. Choo Kok Beng အား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ MES Honorary Membership Award ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ MES Outstanding Award ဘွဲ့တံဆိပ်ရရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ဘွဲ့တံဆိပ်ကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဟိန်းထက်အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီး ဦးခင်မောင်မြင့်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ အလှူငွေများ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ AFEO မှ ကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိကြသူများ၊ အလှူရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် (AFEO) မှ ဂုဏ်ထူးဆောင်ဧည့်သည်တော် Mr. Choo Kok Beng က ဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ Quality Control Lab၊ စာကြည့်တိုက်၊ မြန်မာနိုင်ငံမြေလျှင်ကော်မတီ၏ မြေလျှင်ဆိုင်ရာပညာပေးပြခန်း၊ ဘဝသစ်နယ်လှည့် အသိပညာပေးအဖွဲ့၏ ပညာပေးပြခန်းနှင့် သဘာဝဘေးဒဏ်ခံနိုင်သည့် နေအိမ်နမူနာပုံစံများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်ဧည့်သည်တော် Mr. Choo Kok Beng က (၂၈)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံက အပ်နှင်းချီးမြှင့်သည့် AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် (AFEO)သည် အင်ဂျင်နီယာကဏ္ဍတိုးတက်ပြန့်ပွားရေးလုပ်ငန်းများတွင် အားတက်သရော ကူညီအားပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးများအား ချီးမြှင့်သည့် AFEO Distinguished Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်၊ အင်ဂျင်နီယာပညာရပ်များ ထွန်းကားပြန့်ပွားရေးအတွက် ထူးချွန်စွာပါဝင်ခဲ့သူများအား ချီးမြှင့်သည့် AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် အင်ဂျင်နီယာလုပ်ငန်းများ တိုးတက်ပြန့်ပွားရေးအတွက် တက်ကြွစွာပါဝင်ခဲ့သူများအား ချီးမြှင့်သည့် AFEO Honorary Member ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တို့ကို ချီးမြှင့်လျက်ရှိရာ မြန်မာနိုင်ငံမှ ၂၀၁၀ ခုနှစ်အထိ AFEO Distinguished Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူ နှစ်ဦး၊ AFEO Honorary Fellow ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်နှင့် AFEO Honorary Member ဘွဲ့တံဆိပ်ရရှိသူ ၃၀ စီတို့အား ဘွဲ့တံဆိပ်များအပ်နှင်းချီးမြှင့်ခဲ့ပြီး ဖြစ်သည်။

အလားတူ အာဆီယံအင်ဂျင်နီယာအသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် (ASEAN Engineers Register -AER) ကိုလည်း စိစစ်ချီးမြှင့်လျက်ရှိရာ မြန်မာနိုင်ငံမှ ၂၀၁၀ခုနှစ် အတွက်ရရှိသူ ၁၈ ဦးအပါအဝင် အင်ဂျင်နီယာ ၁၄၂ ဦး AER လက်မှတ် ချီးမြှင့်ခံရပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၃

ဒေါက်တာအောင်ထွန်း (TODAY MEDIA)သည် ကစားဖော်များဖြစ်ကြသည့် ဦးဆုဝေ (NEW STRENGTH Co.)၊ ဦးကျော်စိန်တို့နှင့်အတူ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် (၉)မိုင်ရှိ မြန်မာဂေါက်သီးရိုက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် TOP POINT ဂေါက်သီးကို Spalding သံတုတ်အမှတ်(၆)ဖြင့် ရိုက်လိုက်ရာ ၁၄၅ ကိုက် အကွာတွင်ရှိသော ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

အားကစားဖြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

လမ်းမတော်မြို့နယ် အနော်ရထာလမ်းနေ ဦးမောင်မောင်ဆွေနှင့် ဒေါ်ကြည်ကြည်ဝင်း၊ သား အောင်မော်ဟိန်း၊ သမီး သီရိထက်ထားဦး၊ သား ဘုန်းသီဟဆွေ မိသားစုက ဦးမောင်မောင်ဆွေ-ဒေါ်ကြည်ကြည်ဝင်းတို့၏ (၁၀)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘုံးဘွားရှိသာအမှုဆောင် အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကတ္တရာလမ်းသစ်ခင်းခြင်း ဆောင်ရွက်

မြစ်ကြီးနား ဇန်နဝါရီ ၁၃

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွက် မြို့ပြကတ္တရာခင်းခြင်းလုပ်ငန်းဖြစ်သည့် ခေမာသီရိရပ်ကွက် လမ်းသွယ်(၁၃)ကတ္တရာလမ်းသစ်ခင်းခြင်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂ ရက်က အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဇော်ထွေးက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

❀ ရှေ့ဖုံးမှ

ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဆင်အကအဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့၊ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သွားလာနိုင်ပြီဖြစ်သည့်အပြင် ဖောက်လုပ်နေပြီဖြစ်သည့် ဇလွန်-ညောင်တုန်း-လှိုင်သာယာ-ပုသိမ် ရထားလမ်း၊ ပုသိမ်-အိမ်မဲ-ညောင်တုန်းရထားလမ်း၊ ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးရထားလမ်းများကြောင့် မီးရထားစီးပြီး စိတ်အေးချမ်းသာစွာ ကုန်ကျစရိတ်သက်သက်သာသာဖြင့် သွားလာနိုင်ကြတော့မည် ဖြစ်ကြောင်း၊ မြစ်ချောင်းအင်းအိုင် လွန်စွာ ပေါများလှသည့် ဧရာဝတီတိုင်းဒေသကြီးသည် မော်တော်ကားလမ်း ဖောက်လုပ်ရန် ခက်ခဲလှသကဲ့သို့ မီးရထားလမ်းဖောက်လုပ်ရန်လည်း အခက်အခဲများစွာ ရှိခဲ့ကြောင်း၊ ယခုလို ဧရာဝတီတိုင်းဒေသကြီး၏ သဘာဝအတားအဆီးများကြောင့် ခေတ်အဆက်ဆက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့သော မော်တော်ကားလမ်း၊ ရထားလမ်းများသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်ရောက်မှပင် အရှိန်အဟုန်ဖြင့် ကွန်ရက်သဖွယ် စဉ်တိုက်ဆက်တိုက် ပေါ်ထွန်းလာသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

လှည်းတစ်တန် လှေတစ်တန် ဖြတ်သန်းခဲ့ကြရသည့် အနေအထားမှ ယခုဆိုလျှင် တံတားကြီး၊ တံတားငယ်ပေါင်းများစွာဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ရရှိပိုင်ဆိုင်နေပြီ ဖြစ်ကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် တစ်ခုတည်းကိုပင် ပြန်ကြည့်လျှင် ယခင်က ရေပတ်လည် ဝန်းရံနေသည့်အတွက် ဒေသတွင်း ထီးတည်းဖြစ်နေခဲ့ကာ ရေလမ်းကြောင်းကိုသာ အားထားခဲ့ရာမှ ယခုဆိုလျှင် တံတားကြီးများ ပေါင်းကူးပေးလိုက်ပြီဖြစ်သည့်အတွက် အရပ်လေးမျက်နှာကို မော်တော်ကားဖြင့် သွားလာနိုင်သည့် အခြေအနေသစ်တစ်ရပ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့ချိန်က စပြီး နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း နယ်စပ်ဒေသများနှင့် အစွန်အဖျားပါမကျန် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းများအားလုံး ကွက်လပ်မရှိ ဟန်ချက်ညီညီ အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာအောင် ရေတို၊ ရေရှည်စီမံကိန်းအဆင့်ဆင့်ဖြင့် လက်တွေ့ကျကျ အကောင်အထည်

ဧရာဝတီတိုင်းဒေသကြီးအတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ ခရိုင်၊ မြို့နယ်များအတွင်းမှာပင် ဆေးဝါးကုသနိုင်တော့မည်

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆေးရုံအဆောက်အအုံ ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆေးရုံဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဆေးရုံဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် နာဂစ်မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ခုတင်(၅၀)ဆေးရုံကြီးကို ခုတင်(၁၀၀) ဆေးရုံသစ်ကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ခဲ့ရာ ပြီးစီးသွားပြီဖြစ်သဖြင့် ကျင်းပသော ဖွင့်ပွဲအခမ်းအနားပင် ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ နာဂစ်မုန်တိုင်းသင့်ဒေသများတွင် လပွတ္တာ ခုတင်(၂၀၀) ဆေးရုံကြီး၊ ဖျာပုံမြို့နယ် ခုတင်(၂၀၀) ဆေးရုံကြီးနှင့် ပြင်စလူမြို့နယ် (၂၅) ခုတင် ဆေးရုံတို့ကို ယမန်နှစ်အတွင်းက ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဤဆေးရုံကြီးနှင့် ဘိုကလေးမြို့နယ် ဆေးရုံသစ်ကြီးတို့ကို ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် ဒေသခံ ပြည်သူများအတွက်လည်း ဝမ်းမြောက်ဖွယ်ရာအောင်မြင်မှု တစ်ရပ်ပင် ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆေးရုံသစ်ကြီးများ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ ခရိုင်၊ မြို့နယ်များအတွင်းမှာပင် ဆေးဝါးကုသနိုင်တော့မည်ဖြစ်၍ ဤဒေသကြီး၏ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်အတန်းသည်လည်း မူလအခြေအနေထက် ပိုမို သာလွန်မြင့်မားတိုးတက်လာတော့မည် ဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေးဒဏ် ကာကွယ်ရေးလုပ်ငန်းများကို ဒေသဖွံ့ဖြိုးရေးနှင့် ဒွန်တွဲဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ ဧရာဝတီတိုင်းဒေသကြီးသည် အတိတ်ကာလ အခြေအနေများနှင့် မည်သို့မျှ နှိုင်းယှဉ်၍ မရနိုင်အောင် ဘက်စုံ ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို ပြည်သူများ မျက်မြင်ကိုယ်တွေ့ တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ခုတင် (၁၀၀) ဆေးရုံကြီးအဆင့်သို့ အဆင့်မြှင့်တင်ပေးခဲ့သည့်အတွက် ဆေးရုံအုပ် တစ်ဦး၊ အထူးကုဆရာဝန် သုံးဦး၊ အထူးကု (လက်ထောက်ဆရာဝန်) လေးဦး၊ လက်ထောက်ဆရာဝန် ၁၅ ဦး၊ သူနာပြု ၁၁ ဦး၊ အခြားဝန်ထမ်း ၁၉ ဦး စုစုပေါင်း ၅၃ ဦး ခန့်အပ်ထားပြီးဖြစ်ကာ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၃ ခု၊ ကျေးရွာပေါင်း ၅၈၃ ရွာ၊ လူဦးရေပေါင်း သုံးသိန်းကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် သဘာဝ ပထဝီအနေအထားအရ မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများလှသည့်အတွက် တစ်နေရာနှင့် တစ်နေရာ



မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဝန်ကြီး ဦးသိန်းညွန့်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

သွားလာကြရာတွင် ယခင်က ရေလမ်းကြောင်းကိုသာ အဓိက အားထားခဲ့ရကြောင်း၊ ယခင်က ပုသိမ်မှ ရန်ကုန်သို့ သွားလာရာတွင် ရေလမ်းခရီးဖြင့် အနည်းဆုံး ၁၈ နာရီကြာ သွားလာခဲ့ကြရာမှ ယခုဆိုလျှင် မော်တော်ကားစီးပြီး လေးနာရီဖြင့် အရောက်သွားနိုင်ပြီဖြစ်သည့်အတွက် မြစ်ချောင်းအတားအဆီးမရှိတော့ဘဲ နေ့ချင်းပေါက်ခရီးရောက်နိုင်ကြပြီဖြစ်ကြောင်း။

ထို့ပြင် နာဂစ်မုန်တိုင်းလွန် ပြန်လည်ထူထောင်ရေးစီမံကိန်းအနေဖြင့် လမ်းမကြီး ၁၀ လမ်းပါဝင်သော မြစ်ဝကျွန်းပေါ်လမ်းကွန်ရက်ကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးခဲ့သည့်အတွက် မူလရှိပြီး လမ်းများနှင့် ပေါင်းစည်းလိုက်လျှင် ရေလမ်းခရီးသာ အားကိုးအားထားပြုခဲ့ရသော တိုင်းဒေသကြီးတစ်ခုလုံးကို မော်တော်ကားလမ်းကွန်ရက်များဖြင့် ဖြန့်ကြက်လွှမ်းခြုံထားနိုင်ပြီဖြစ်ကြောင်း၊ ယခင်က လမ်းမိုင် ၄၀၀ ကျော်သာ ရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီးသည် ယခု လမ်းမိုင် ၁၀၀၀ ကျော်အထိ တိုးတက်လာခဲ့သည့်အတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်းကို မော်တော်ကားဖြင့် နာရီပိုင်းအတွင်း သွားလာနိုင်နေပြီဖြစ်ကြောင်း။

မကြာမီက ဖွင့်လှစ်ပေးခဲ့သည့် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးမှ တစ်ဆင့် အထက်မြန်မာပြည် တစ်နံတစ်လျားကိုလည်း ရာသီမရွေး

ယခုကဲ့သို့ လမ်းကွန်ရက်များ ဖြန့်ကြက်လွှမ်းခြုံ ပေါ်ပေါက်လာအောင် ရာဇူဒိုင်တံတား အမှတ်(၁)နှင့် အမှတ်(၂) အပါအဝင် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၆၀ ကျော်အထိ တိုးမြှင့်တည်ဆောက်ပေးခဲ့ရကြောင်း၊ ဆက်လက်ပြီးလည်း မော်တော်ကားရော မီးရထားပါ ဖြတ်သန်းသွားလာနိုင်မည့် ညောင်တုန်းတံတားကြီးကို တည်ဆောက်နေကြောင်း၊ ယခင်က ဧရာဝတီတိုင်းဒေသကြီး၏ အခြေအနေသည် 'မြေပေါ်တွင် စပါးရှိ၊ ရေထဲမှာ ငါးရှိ၊ သို့သော် ဧရာဝတီတွင် တံတားမရှိ' ဟူ၍ ပြောစမှတ် ပြုရလောက်အောင် ရေတစ်ပိုင်း ကုန်းတစ်ပိုင်း၊

ဖော် ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုကဲ့သို့ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု ပိုင်းခြားသတ်မှတ်ပြီး ဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဟင်္သာတနှင့် မအူပင်ဟူသည့် ဒေသကြီးသုံးခုကို ဗဟိုပြုပြီး အရှိန်အဟုန်ဖြင့် ဘက်စုံလွှမ်းခြုံ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နေကြောင်း၊ ဖွံ့ဖြိုးရေးဒေသများအလိုက် တက္ကသိုလ်များ အပြိုင်အဆိုင် ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် ဒေသခံမျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း အဆင့်မြင့်ပညာများကို ကိုယ့်ဒေသအတွင်းမှာပင် လက်လှမ်းတမီ သင်ယူခွင့်ရရှိနေကြပြီဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းလွန် ပြန်လည်ထူထောင်ရေးနှင့် တစ်ဆက်တစ်စပ်

လှည်းတစ်တန် လှေတစ်တန် ဖြတ်သန်းခဲ့ကြရသည့် အနေအထားမှ ယခုဆိုလျှင် တံတားကြီး၊ တံတားငယ်ပေါင်းများစွာဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ရရှိပိုင်ဆိုင်နေပြီ ဖြစ်ကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် တစ်ခုတည်းကိုပင် ပြန်ကြည့်လျှင် ယခင်က ရေပတ်လည် ဝန်းရံနေသည့်အတွက် ဒေသတွင်း ထီးတည်းဖြစ်နေခဲ့ကာ ရေလမ်းကြောင်းကိုသာ အားထားခဲ့ရာမှ ယခုဆိုလျှင် တံတားကြီးများ ပေါင်းကူးပေးလိုက်ပြီဖြစ်သည့်အတွက် အရပ်လေးမျက်နှာကို မော်တော်ကားဖြင့် သွားလာနိုင်သည့် အခြေအနေသစ်တစ်ရပ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့ချိန်က စပြီး နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း နယ်စပ်ဒေသများနှင့် အစွန်အဖျားပါမကျန် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းများအားလုံး ကွက်လပ်မရှိ ဟန်ချက်ညီညီ အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာအောင် ရေတို၊ ရေရှည်စီမံကိန်းအဆင့်ဆင့်ဖြင့် လက်တွေ့ကျကျ အကောင်အထည်

တည်းမှာပင် စာသင်ကျောင်းပေါင်း ၆၈၈ ကျောင်း ပြန်လည်တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ စာသင်ကျောင်း ၁၃ ကျောင်း အသစ်ဖွင့်လှစ်ပေးခဲ့ပြီး စာသင်ကျောင်း ၁၅၄ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ကာ တွဲဖက်ကျောင်း ၁၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်မြင့်မားစေရန်အတွက်လည်း ဆေးရုံ၊ ကျန်းမာရေးဌာန၊ ကျန်းမာရေးဌာနခွဲပေါင်း ၁၇၀ အထိ ပြန်လည် တည်ဆောက်ပေးခဲ့ပြီး ဆေးရုံ၊ ကျန်းမာရေးဌာနပေါင်း ၁၂ ခုကို အဆင့်တိုးမြှင့်ပေးကာ ကျန်းမာရေးဌာနနှင့် ဌာနခွဲပေါင်း ၁၇ ခုကို အသစ်တိုးချဲ့ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့် ဆေးရုံကြီးများ၌လည်း အထူးကုဆရာဝန်ကြီးများ ထားရှိပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ပိုမိုမြင့်မားလာအောင် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၏ အဓိက အုတ်မြစ်ဖြစ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ စဉ်ဆက်မပြတ် ထွက်ပေါ်လာတော့မည် ဖြစ်ကြောင်း။

စီးပွားရေးကဏ္ဍအနေဖြင့် ကြည့်လျှင် မြန်မာနိုင်ငံ၏ ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်ခဲ့ကြသော ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝတရားက ဖန်ဆင်းပေးထားသည့် ရေမြေ ရာသီဥတု အခြေအနေကောင်းများကြောင့် ဆန်စပါး၊ ပဲအမျိုးမျိုး၊ သားငါး၊ ဆားလုပ်ငန်းအလျှံပယ်ထွက်ရှိသော ဒေသကြီးဖြစ်သည့်အပြင် ပြည်ထောင်စုကြီး၏ စားနပ်ရိက္ခာ ဖူလုံရေးသာမက ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံမှုကိုပါ အထောက်အကူပြုနေသည့် တိုင်းဒေသကြီးတစ်ခုလည်း ဖြစ်ကြောင်း၊ ယခုလို အခြေအနေကောင်းများ ရရှိထားပြီးဖြစ်သည့်အတွက် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍအပြင် အလားအလာရှိသော စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍ ထုတ်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်း၊ ငါး၊ ပုစွန်၊ ရေထွက်ပစ္စည်းများကို အခြေခံသော စက်မှုလုပ်ငန်းများသည် ဧရာဝတီတိုင်းဒေသကြီးတွင် လက်ရှိအခြေအနေထက် ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်သည့် အလားအလာကောင်းများ ရှိနေကြောင်း။

နိုင်ငံတော်အပိုင်းမှ ငွေကုန်ကြေးကျ မြောက်မြားစွာ အကုန်အကျခံပြီး မော်တော်ကားလမ်း၊ မီးရထားလမ်းနှင့် တံတားပေါင်းများစွာကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ဒေသထွက် ထုတ်ကုန်များကို အလွယ်တကူ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်သည့် ကုန်ထုတ်လမ်းမကြီးများအဆင့်သို့ ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ဖြည့်ဆည်း ဆောင်ရွက်ပေးရန်ရှိသည်

ဖော် ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုကဲ့သို့ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု ပိုင်းခြားသတ်မှတ်ပြီး ဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဟင်္သာတနှင့် မအူပင်ဟူသည့် ဒေသကြီးသုံးခုကို ဗဟိုပြုပြီး အရှိန်အဟုန်ဖြင့် ဘက်စုံလွှမ်းခြုံ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နေကြောင်း၊ ဖွံ့ဖြိုးရေးဒေသများအလိုက် တက္ကသိုလ်များ အပြိုင်အဆိုင် ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် ဒေသခံမျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း အဆင့်မြင့်ပညာများကို ကိုယ့်ဒေသအတွင်းမှာပင် လက်လှမ်းတမီ သင်ယူခွင့်ရရှိနေကြပြီ ဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းလွန် ပြန်လည်ထူထောင်ရေးနှင့် တစ်ဆက်တစ်စပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

များကို အစွမ်းကုန် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးရှိ ပြည်သူများအနေဖြင့်လည်း မိမိတို့၏ ပေါကြွယ်ဝသည့် ရေမြေသယံဇာတများကို ထိထိရောက်ရောက် အသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အလုပ်ကို ပို၍ ကြိုးစားလုပ်ကြရန် လိုအပ်မှာဖြစ်ကြောင်း။

သဘာဝသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်သည့် လူ၊ သယံဇာတသည်လည်း ဧရာဝတီတိုင်းဒေသကြီးတွင်

အခြေအနေထက် သာလွန် မြင့်မားစွာ ပြန်လည်ထူထောင်လာနိုင်မှုသည် ကျန်ဒေသအနှံ့ ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများထဲက သက်သေသာဓကတစ်ခုအနေဖြင့် တွေ့မြင်ကြရမည် ဖြစ်ကြောင်း၊ အလားတူ အတိတ်က မြင်ကွင်းများနှင့် မျက်မှောက်ခေတ် တိုးတက်ပြောင်းလဲလာမှု မြင်ကွင်းများသည် နယ်စပ်ဒေသများမှာရော ကျန်

TZTM Co. အုပ်ချုပ်မှု ဒါရိုက်တာ ဦးသက်လင်း မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွက် ရာသက်ပန်ငွေပဒေသာပင် အလှူငွေကျပ် သိန်း ၁၀၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

အလုံအလောက်ရှိပြီး ဖြစ်သည့်အတွက် တီထွင်ကြံဆ ကြိုးပမ်းလုပ်ကိုင်ကာ နိုင်ငံတော်က တည်ဆောက်ပေးထားသော လမ်းပန်းဆက်သွယ်ရေး စကြံ လမ်းမကြီးများအဖြစ်မှ စီးပွားရေးစကြံ များအဖြစ်သို့ တိုးတက်ကူးပြောင်းရောက်ရှိလာအောင် လမ်းပန်းဆက်သွယ်ရေးကွန်ရက် ယှက်သွယ်ထားရာမှ စီးပွားရေးကွန်ရက်ကြီးများ အဖြစ် တက်လှမ်းရောက်ရှိလာအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ရှောင်လွှဲမရနိုင်သော ရာသီဥတု ပြောင်းလဲမှု အကျိုးဆက်ဖြစ်သည့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ပြီးနောက် မြင်တွေ့ခဲ့ရသော မြင်ကွင်းနှင့် လက်ရှိအချိန် မြင်တွေ့နေရပြီဖြစ်သည့် မြင်ကွင်းသည် နှိုင်းယှဉ်မရနိုင်အောင် ကွဲပြားခြားနားနေပြီဖြစ်သကဲ့သို့ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည့် ကြိုးပမ်းအားထုတ်မှုစွမ်းအားများကို မှန်းဆမြင်ယောင်ခံစားသိရှိနိုင်ကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံတော် တည်ဆောက်ရေးကြိုးပမ်းဆောင်ရွက်ချက်များသည် တစ်နိုင်ငံလုံးအနှံ့ ဖြန့်ကြက်ဖော်ဆောင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဧရာဝတီမြစ်ဝကျွန်းပေါ် မုန်တိုင်းသင့်ဒေသများ မူလ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာပါ ဖွံ့ဖြိုးတိုးတက်မှု သရုပ်သကန်များကို အထင်အရှား ပြသဖော်ဆောင် မြင်တွေ့နေကြရပြီ ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အရောက်လှမ်းရာတွင် နိုင်ငံတော်၏ အခြေခံလိုအပ်ချက်များ ပြည့်စုံခိုင်မာအောင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သည်မှာ ယခုဆိုလျှင် ပဉ္စမအဆင့်ကို ကျော်လွန်အောင်မြင်ခဲ့ပြီဖြစ်၍ ကျန်ရှိသော အဆင့်(၂)ဆင့်ကို မကြာမီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရက ရည်ရွယ်ချက် မြင့်မြင့်မားမားဖြင့် တည်ဆောက်ပေးထားခဲ့သည့် ဤဆေးရုံကြီးအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို ဂုဏ်ယူမြတ်နိုးစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး မိမိတို့၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြပါ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်၏ ကျန်ရှိသောလုပ်ငန်းများ မလွဲမသွေ အောင်မြင်ရမည်ဟူသော ယုံကြည်ချက် သန္နိဋ္ဌာန်စိတ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ထို့နောက် ဆေးရုံကို တာဝန်ယူတည်ဆောက်ခဲ့သည့် TZTM Co. အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်လင်းက ဆေးရုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးကိုကိုအား လည်းကောင်း၊ ဆေးရုံအတွက် ရာသက်ပန်ငွေပဒေသာပင် အလှူငွေကျပ်သိန်းတစ်ရာကို ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်အားလည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆေးရုံအုပ်ကြီး၊ ဆရာဝန်နှင့် ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မော်လမြိုင်ကျွန်းမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို မြေဧရိယာ ၂၅ ဧကပေါ်တွင် တည်ဆောက်ထားပြီး အလျားပေ ၂၀၀၊ အနံ ၅၂ ပေ၊ အမြင့် ၁၄ ပေနှင့် လူသွားစင်္ကြံအကျယ် ၁၀ ပေရှိသည်။

ဆေးရုံတွင် အရေးပေါ်လူနာဌာန၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်း၊ သွားဆေးကုသခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ကုသဆောင်၊ အရိုးခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ ကလေးကုသဆောင်နှင့် သားဖွားမီးယပ်ဆောင်တို့ ပါဝင်သည်။ ဆေးရုံကို TZTM Co.က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

မော်လမြိုင်ကျွန်း မြို့နယ်တွင် ယခင်က ခုတင် (၅၀)ဆံ့ ဆေးရုံသာရှိခဲ့ရာမှ ယခုအခါ ခုတင် (၁၀၀)ဆံ့ ဆေးရုံသစ်ကြီးအဖြစ် တိုးမြှင့်၍ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

စီးပွားရေးကဏ္ဍအနေဖြင့်ကြည့်လျှင် မြန်မာနိုင်ငံ၏ ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်ခဲ့ကြသော ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝတရားက ဖန်ဆင်းပေးထားသည့် ရေမြေ ရာသီဥတု အခြေအနေကောင်းများကြောင့် ဆန်စပါး၊ ပဲအမျိုးမျိုး၊ သားငါး၊ ဆားလုပ်ငန်း အလျှံပယ် ထွက်ရှိသော ဒေသကြီးဖြစ်။

မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ရေကြောင်းဆိုင်ရာကိစ္စရပ်များ၊ လေကြောင်းဆိုင်ရာကိစ္စရပ်များနှင့် မိုးလေဝသနှင့် ဇလဗေဒနှင့်သက်ဆိုင်သော မြေငလျင်လှုပ်ရှားမှုတိုင်းတာရေး ကွန်ရက်စနစ်ထူထောင်ရေး၊ အလိုအလျောက် မိုးလေဝသတိုင်းတာရေးစခန်းများနှင့် ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ်ကိရိယာများ တပ်ဆင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အသက်(၆၅)နှစ်နှင့်အထက် နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar International School Yangon (MISY)၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် အသက်(၆၅)နှစ်နှင့်အထက် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများ၏ နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Myanmar International School Yangon (MISY)ဥက္ကဋ္ဌ ဦးကျော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာတင်းနစ် လက်ရွေးစင်ဟောင်း ဦးသန်းထွန်းက အမှာစကားပြောကြားပြီး အသက်(၆၅)နှစ်နှင့်အထက် နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲ ကျင်းပရေးနှင့် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညီညီက ကျေးဇူးတင်စကား ပြောကြားကာ ဗိုင်ချုပ်က ပြိုင်ပွဲ အနိုင် အရှုံးစာရင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်အမှုဆောင် ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)က ပထမရရှိသော ဦးကျော်ဝင်းနှင့် ဦးအောင်မြင့်တို့အတွဲအား ဆုတံဆိပ်နှင့် ဆုကြေးငွေ ကျပ်သုံးသိန်းကို လည်းကောင်း၊ ဒေါက်တာသာရင်မြတ်က ဒုတိယဆုရရှိသော ပါမောက္ခချုပ် ဒေါက်တာဦးရဲမြင့်နှင့် ဦးမျိုးညွန့်တို့ အတွဲအား ဆုတံဆိပ်နှင့် ဆုကြေးငွေ ကျပ်နှစ်သိန်းကိုလည်းကောင်း၊ Myanmar International School Yangon (MISY) ဥက္ကဋ္ဌ ဦးကျော်ဝင်းက တတိယရရှိသော ဦးညီညီနှင့် ဦးကျော်မြင့်တို့အတွဲအား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် တစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် Myanmar C.P Livestock Co.,Ltd. မှ ဦးစိုးလွင်က ပြိုင်ပွဲဝင် အတွဲများ၏ ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Myanmar International School Yangon (MISY) ဥက္ကဋ္ဌ ဦးကျော်ဝင်းက အသက်(၈၁)နှစ်ရှိ ပြိုင်ပွဲဝင် တင်းနစ်အားကစားသမား ဦးကျော်မြင့်နှင့် အသက်(၈၄)နှစ်ရှိ ယနေ့အထိ တင်းနစ်ကစားခြင်းကို စွန့်လွှတ်ခြင်းမရှိဘဲ နေ့စဉ် တင်းနစ်အားကစားပြိုင်ပွဲများကို အားပေးကြည့်ရှုသော ဦးဖေခင်တို့ နှစ်ဦးအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

❖ **ကျောဖုံးမှ**

မြေငလျင်များဖြစ်ပေါ်တတ်သည့် ဒေသတစ်ခုအတွင်း တည်ရှိမည်ဖြစ်သည်။

အဆိုပါ သုတေသနစခန်းကို တည်ဆောက်ခြင်းဖြင့် မြေငလျင်လှုပ်ရှားခြင်းမရှိမီ၊ လှုပ်ရှားချိန်အတွင်းနှင့် လှုပ်ပြီးကာလနောက်ပိုင်း ဘူမိဗေဒဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများကို သိပ္ပံပညာရှင်များ လေ့လာစောင့်ကြည့်နိုင်မည်ဖြစ်သည်။

မြေငလျင်လှုပ်ရှားမှုကို လေ့လာနိုင်ရန် နေရာနှစ်နေရာ၌ မြေငလျင်ထောက်လှမ်းရေးကိရိယာများကို တပ်ဆင်ထားရှိမည်ဖြစ်ကြောင်း၊ သိပ္ပံပညာရှင်များသည် ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုများမှပေးပို့သော သတင်းအချက်အလက်များနှင့် ပေါင်းစပ်ကာ မြေငလျင်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသွားမည်ဖြစ်ကြောင်း အိန္ဒိယ ဘူမိသိပ္ပံပညာရပ်များဆိုင်ရာ ဝန်ကြီးဌာနအတွင်းဝန် ရှီလက်ရှ် နာယက်က ပြောကြားသည်။

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၌ မြေအောက်သုတေသနစခန်းတည်ဆောက်ကာ မြေငလျင်များကို လေ့လာလျက်ရှိသည်။ ***အင်တာနက်။***

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် မူးမြစ်ကူးတံတား(မူးကမ်းကြီး-ရေကြည်ဝ)ကိုယ့်အားကိုယ်ကိုးတံတား တည်ဆောက်နိုင်ရေးအတွက် ရန်ကုန်မြို့နေ ဦးခင်မောင်စိန်(နိုက်တြိုပဗ္ဗလစ်)၊ ဇနီး ဒေါ်ခင်ခင်စီမိသားစုက အလှူငွေကျပ် သိန်း ၅၀ကို တံတားဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့နာယက ဦးစိန်ဝင်း (စစ်ကိုင်းတိုင်းဒေသကြီး တရားသူကြီး-အငြိမ်းစား)သို့ ဒီဇင်ဘာ ၂၁ ရက်က ပေးအပ်လှူဒါန်းစဉ်။ (၁၀၅)

အထက(၁)ပုဇွန်တောင် အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

အထက(၁) ပုဇွန်တောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကန်တော့ခံ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၅၀ နှင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားဖြစ်မြောက်ရေး ကော်မတီကိုယ်စား ဦးဝင်းမောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက စုပေါင်းကန်တော့ကြသည်။ ယင်းနောက် ဆရာကြီး၊ ဆရာမကြီးများ ကိုယ်စား ဒေါ်ကျင်ရီကြီးက သြဝါဒစကားပြောကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

အထက(၁) ပုဇွန်တောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်း မီးလောင်မှု (၆၄)ကြိမ် ဖြစ်ပွားခဲ့

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ်(၆၄)ကြိမ် ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး (၅၅)ကြိမ်၊ အလိုအလျောက်မီး သုံးကြိမ်၊ လျှပ်စစ်မီး ခြောက်ကြိမ် ပါဝင်ကြောင်း။

အိမ်ခြေအဆောက်အအုံ ၆၄ လုံး၊ မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၂၀၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူသုံးဦးသေ၊ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း။

မီးဖိုမီးအပါအဝင် ပေါ့ဆမီး (၅၅)ကြိမ်ပါဝင်သဖြင့် မီးကိုမဆင်မခြင် ပေါ့ဆစွာသုံးစွဲမှုကြောင့်ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှု အကြိမ် စုစုပေါင်း၏ ၈၅ ဒသမ ၉၄ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရကြောင်း။

ဒီဇင်ဘာလအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ်များကို ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် ဆန်းစစ်ကြည့်ရာ ရန်ကုန်တိုင်းဒေသကြီး၌ အကြိမ်အများဆုံး၊ နေပြည်တော်ခရိုင်နှင့် မန္တလေးတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် ရခိုင်ပြည်နယ်တို့၌ တတိယအများဆုံး ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရကြောင်း။

ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်ပွားခဲ့သည့် မီးလောင်မှု (၁၇)ကြိမ်အနက် (၁၅)ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့်လောင်ကျွမ်းရသောမီးများ ဖြစ်သည်ကို တွေ့ရှိရကြောင်း သိရှိရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများလိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေအကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများစစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားနေကြောင်း၊ ယခုအခါ ကျေးရွာများ၌လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အချိန်အဟုန်မြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ပေါ့ဆမှုမှစတင်သော မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေး စီမံချက်ပါအတိုင်း လုပ်ငန်းများကို အချိန်အဟုန်မြင့်ဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါးအမှု ၂၉၈ မှု၊ တရားခံ ၄၇၂ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဇန်နဝါရီ ၁၃

၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်း တာဝန်ရှိသူများက မူးယစ်ဆေးဝါး အမှုပေါင်း ၂၉၈ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၇ မှု (အလေးချိန် ၁၀၀ ဒသမ ၅၃၈ ကီလို)၊ ဘိန်းဖြူ ၁၂၇ မှု(အလေးချိန် ၁ ဒသမ ၅၆၃ ကီလို)၊ ဘိန်းဆီ ခုနစ်မှု (အလေးချိန် သုည ဒသမ ၉၇ ကီလို)၊ အဆင့်နိမ့်ဘိန်း ၂၈ မှု(အလေးချိန် ၁၂ ဒသမ ၇၅၅ ကီလို)၊ဆေးခြောက် ၁၇ မှု (အလေးချိန် ၁၄ ဒသမ ၇၉ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ မှု (၁၀၁၆၉၀ ပြား)၊ ဘိန်းစာမှုန့် ၁၃ မှု (အလေးချိန် ၄၆ ဒသမ ၂၁၅ ကီလို)၊ ဘိန်းဆီရည် တစ်မှု (အလေးချိန် သုည ဒသမ ၅ လစ်တာ)၊ ဘိန်းရည် တစ်မှု (အလေးချိန် ၂၇၃ ဒသမ ၈၈ လစ်တာ)၊ အက်ဖီဒရင်း တစ်မှု (အလေးချိန် သုည ဒသမ ၈၅ ကီလို) ၊ မော်ဖင်းထိုးဆေး ကိုးပုလင်း၊ အမိုနီယမ်ကလိုရိုဒ် (၂၈ ကီလို)နှင့် အခြားအမှု တစ်မှု ဖမ်းဆီးရမိခဲ့သည်။

အမှုပေါင်း ၂၉၈ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၈၁ ဦး၊ မ ၉၁ ဦး စုစုပေါင်း တရားခံ ၄၇၂ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၇) ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ၌ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးရှင် မသင်းဆုဆုဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းငွေ ဂုဏ်ပြုဆုနှင့် ဆုတံဆိပ် ချီးမြှင့်စဉ်။ (ကြေးမုံ)

အသုတ်မြို့၌ စာပေဟောပြော

နေပြည်တော် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့၌ ၁၃၇၂ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ မောင်ကျော်လှိုင်(အသုတ်)က အဖွင့်အမှာစကားပြောကြားပြီး ဝင်းနေလ(အသုတ်)က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆရာကြီး နန္ဒာသိန်းဇံက "ဟိုအကြောင်း၊ ဒီအကြောင်း၊ လူ့ဘဝအကြောင်း"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မောင်ရင့်မာ(ကျောင်းကုန်း)က "ဖတ်တဲ့စာ၊ တွေးတဲ့စာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ မစန္ဒာက"နှုတ်ခမ်းထက်က ခါးနှင့်မြား"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ နွမ်ဂျာသိုင်းက "စာရေးသူမှစာဖတ်သူသို့" ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာများကို ဟောပြောသည်။ အဆိုပါအခမ်းအနားတွင် စာရေးဆရာမ မစန္ဒာက အသုတ်မြို့ လောကမွန်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ လှူဒါန်းရာ မောင်ကျော်လှိုင်(အသုတ်)က လက်ခံကြောင်း သိရသည်။

(ကြေးမုံ)

မီးဘေးရှောင် မလောင်ခင်တား

ချန်ပီယံမျှော်လင့်ချက်အတွက် အစွမ်းကုန်ကြိုးစားမည့် ရန်ကုန်ယူနိုက်တက် F.C

ရန်ကုန်ယူနိုက်တက်အသင်း၏ ကစားသမားဖွဲ့စည်းမှု၊ ရာသီအကြိုပြင်ဆင်မှု၊ ပံ့ပိုးအားပေးမှုများက ချန်ပီယံဖြစ်နိုင်ခြေရှိခဲ့သည်။ သို့သော် ရန်ကုန်ယူနိုက်တက်အသင်း ကံတရားဖေးမမှုကို မရခဲ့။ ထို့ပြင် မထင်မှတ်သည့် ပွဲများတွင် အမှတ်များဆုံးရှုံးခဲ့ရခြင်း၊ အနိုင်ရသင့်သောပွဲများတွင် အနိုင်မရခဲ့ခြင်းတို့က ရန်ကုန်ယူနိုက်တက်အသင်း ချန်ပီယံဆုနှင့် လွဲချော်နေရခြင်းဖြစ်သည်။ နေပူမရှောင်၊ မိုးရွာမရှောင် လာရောက်အားပေးနေကြသော အသင်းပရိသတ်များ၏ ဆန္ဒကို ၂၀၁၁ MNL ပြိုင်ပွဲတွင် ဖြည့်ဆည်းပေးနိုင်ရန် ရန်ကုန်ယူနိုက်တက်အသင်းသည် ရာသီအကြိုပြင်ဆင်မှုများ ပြုလုပ်ထားလျက်ရှိသည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

ရန်ကုန်ယူနိုက်တက်အသင်းသည် ပရော်ဖက်ရှင်နယ်လိဂ်ကူးပြောင်းပြီး ပထမဆုံးကျင်းပသည့် ၂၀၀၉ MNL CUP ဖိုလ်လုပွဲတွင် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ကာ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယင်းပြိုင်ပွဲအပြီး ဆက်လက်ကျင်းပသည့် MNL အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယအကျော့၌ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရလဒ်ကောင်းရရှိခဲ့သော်လည်း ပထမအကျော့၌ ရလဒ်များဆိုးရွားခဲ့သောကြောင့် ပြိုင်ပွဲအပြီးတွင် စတုတ္ထနေရာသာ ရရှိခဲ့ပြန်သည်။ ၂၀၁၀ MNL ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့၍ ကျေနပ်စရာကောင်းခဲ့သော်လည်း မထင်မှတ်သည့်ပွဲများတွင် ရမှတ်များဆုံးရှုံးခဲ့ရခြင်းက ချန်ပီယံနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။ ရှုံး၊ ထွက်ပြိုင်ပွဲတွင်လည်း ပထမအဆင့်မှ ထွက်ခဲ့ရသည်။

၂၀၁၁ MNL ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန်အတွက် ရန်ကုန်ယူနိုက်တက်အသင်းသည် အပြောင်းအရွှေ့ကာလတွင် ကစားသမားအသစ်များ ခေါ်ယူထားသည်။ ပြည်တွင်းထိပ်တန်းကစားသမားများကို ခေါ်ယူနိုင်ခဲ့သလို စာချုပ်ပြည့်၍ ပြန်သွားသည့် ဘရာဇီးလ်တိုက်စစ်မှူး လီယိုနာဒို နေရာတွင် ဘရာဇီးလူမျိုး တိုက်စစ်မှူးဖြစ်သူ ဂျူဗီနယ်ကို ပြန်လည်ခေါ်ယူနိုင်ခဲ့သည်။ ဂျူဗီနယ်သည် အသင်းနှင့်အမြန်ဆုံးအထိုင်ကျလျက်ရှိပြီး ရာသီကြိုခြေစမ်းပွဲလေးပွဲတွင် ငါးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်း တောင်ပံကစားသမား ရာဇာဝင်းသိန်းကို ခေါ်ယူနိုင်ခဲ့ပြီး ဥဿာယူနိုက်တက်အသင်းမှ လူငယ်တိုက်စစ်မှူး မိုင်းအိုက်နိုင်ကို ခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းက ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်အတွက် အားရစရာပင်ဖြစ်သည်။ ရာဇာဝင်းသိန်းကို ခေါ်ယူနိုင်ရန် ဇေယျာရွှေမြေအသင်းသို့ ကွင်းလယ်လူဇော်ထက်

ရန်ကုန်ယူနိုက်တက် F.C ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် ကစားသမားသစ် ရာဇာဝင်းသိန်းတို့ စာချုပ်အပြီး တွေ့ရစဉ်။

အောင်ကိုပေးခဲ့ရပြီး ရွှေလိှုင်ဝင်းကိုလည်း တစ်နှစ်အငှားချခဲ့ရသည်။ အောင်အောင်ဦး(ဂိုး)နှင့် ကျော်သူရတို့ မိခင်ဝန်ကြီးဌာနကို ပြန်သွားသည်က ရန်ကုန်အသင်းကို အနည်းငယ် အားပျော့စေခဲ့သည်က အမှန်ပင်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် အပြောင်းအရွှေ့ကာလတွင် ဂိုးသမားသစ် ရှာဖွေခဲ့သော်လည်း အဆင်မပြေဖြစ်ခဲ့သောကြောင့် အောင်အောင်ဦးကို ပြန်လည်ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်း ဥက္ကဋ္ဌဖြစ်သူ ဦးပြည့်ဖြိုးတေဇက "ယခုနှစ်တွင် အသင်းအောင်မြင်မှုရရှိရန်အတွက် ခင်မောင်လွင်၊ ရာဇာဝင်းသိန်း၊ မိုင်းအိုက်နိုင်တို့ကို ခေါ်ယူထားပြီး စာချုပ်ပြည့်၍ နေရပ်ပြန်သွားသည့် လီယိုနာဒိုနေရာတွင် ဂျူဗီနယ်ကို ပြန်လည်ခေါ်ယူထားကြောင်း၊ အသင်းစတင်တည်ထောင်ကတည်းကရှိနေသည့် လူငယ်ကစားသမားများမှာလည်း အတွေ့အကြုံများလာပြီဖြစ်သောကြောင့် အကောင်းဆုံးပုံစံရရှိလာပြီဖြစ်ကြောင်း၊ အောင်အောင်ဦးကို ပြန်လည်ခေါ်ယူနိုင်ဖို့ ကြိုးစားလုပ်ဆောင်နေသော်လည်း မရခဲ့ပါက လူငယ်ဂိုးသမားများကိုသာ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ဇေယျာထွန်းမှာ အရန်အသင်းပွဲတိုင်းနီးပါး လက်စွမ်းပြကစားနေပြီး ပွဲ ၂၀ တွင် ၁၀ ဂိုးသာ ပေးထားရကြောင်း၊ အောင်အောင်ဦးကို မရခဲ့လျှင် နိုင်ဇေယျာထွန်းကို အသင်းကြီးဂိုးသမားအဖြစ်ယုံယုံကြည်ကြည် သုံးစွဲသွားမည်ဖြစ်ကြောင်း။

လာမည့်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ရန် အကောင်းဆုံး ဖြည့်ဆည်းထားပါကြောင်း၊ ချန်ပီယံဖြစ်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ အမှတ်ပေးပြိုင်ပွဲရော ရှုံးထွက်ပြိုင်ပွဲမှာပါ အောင်မြင်မှုရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အဝေးကွင်း သွားရောက်ကစားရသည့်ပွဲများကို ပရိသတ်များ အားပေးနိုင်ရန် စီစဉ်ပေးသွားမှာဖြစ်ကြောင်း၊ အသင်းကို ပြင်ဆင်မှုများစွာ ပြုလုပ်ထား၍ လာမည့်ပြိုင်ပွဲအတွက် အားရမိကြောင်း၊ ရန်ကုန်ပရိသတ်များအတွက် ယခုနှစ်တွင် ချန်ပီယံဆု ရယူပေးနိုင်မည်ဟု ယုံကြည်ကြောင်း" ပြောကြားသွားသည်။ ။

ရန်ကုန်ယူနိုက်တက်အသင်း အမာခံ ကစားသမားများ ဖြစ်သည့် မျိုးမင်းထွန်းနှင့် ဒေးဗစ်ဒန်း။

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ ညအပူချိန် လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၄ ရက် ညနေထိခန့်မှန်းချက် ။ ။ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

Horizon Open စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Horizon Sports Academy တို့ပူးပေါင်း၍ တတိယအကြိမ် Horizon Open စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ Horizon International School ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက် (၁၂)နှစ်အောက်၊ (၁၅)နှစ်အောက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ၊ အသက်(၁၈)နှစ် အောက် အမျိုးသားပြိုင်ပွဲ၊ အလွတ်တန်းအမျိုးသမီးပြိုင်ပွဲ၊ အလွတ်တန်း အပျော်တမ်း၊ လူသစ်တန်း အမျိုးသားပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသားပြိုင်ပွဲ၊ ပထမတန်း အမျိုးသားပြိုင်ပွဲ၊ အသက် (၄၅)နှစ်အထက် အမျိုးသားပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ခွင့်ပုံစံများကို အမျိုးသားရေကူးကန်ရှိ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် ဖိုးစိန်လမ်းရှိ Horizon International School တို့တွင် ရယူနိုင်ပြီး ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ဖိုးစိန်လမ်းရှိ Horizon International School တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် Asepso,Melior,Oramin-G, Grand Furniture, Panasonic နှင့် United Living Mall တို့က ပံ့ပိုးကူညီကြသည်။ (ကြေးမုံ)

ဩစတြေးလျအိုးပင်းနှင့် အမျိုးသားတင်းနစ် ကစားသမားများ

ဝင်းတင်(ကြေးမုံ)

မဲလ်ဘုန်း ဇန်နဝါရီ ၁၃

ဇန်နဝါရီ ၁၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို ကမ္ဘာ့အဆင့်(၁) ရာဖေးလ်နာဒယ်၊ အဆင့်(၂) ရော်ဂျာဖက်ဒဲရားတို့နှင့်အတူ ရော်ဘင်ဆိုဒါလင်းနှင့် အင်ဒီမာရေးတို့လည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ရာဖေးလ်နာဒယ်

လက်ရှိကမ္ဘာ့အဆင့်(၁) သတ်မှတ်ထားခြင်းခံရသည့် ရာဖေးလ်နာဒယ်ကို ၁၉၈၆ ခုနှစ် ဇွန် ၃ ရက်က စပိန်နိုင်ငံ မာယော့ကာမြို့တွင် မွေးဖွားခဲ့သည်။ အသက်(၂၅)နှစ်ရှိ အဆိုပါကစားသမားသည် ဂရင်းဆလင်းချန်ပီယံဆုကိုးကြိမ်ရထားဖူးရာ ရော်ဂျာဖက်ဒဲရားပြီးလျှင် ဒုတိယအအောင်မြင်ဆုံး ကစားသမားဖြစ်သည်။ ရာဖေးလ်နာဒယ်သည် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ခြောက်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးရာ ၂၀၀၉ ခုနှစ်က ချန်ပီယံဖြစ်ခဲ့ဖူးသည်။ ပြင်သစ်အိုးပင်းကို ခြောက်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ရာ ငါးကြိမ် ဖိုလ်စွဲထားသည်။ ထို့ပြင် ၎င်းသည် ဝင်ဘယ်ဒန်အိုးပင်းတွင် နှစ်ကြိမ်နှင့် ယူအက်စ်အိုးပင်းတွင် တစ်ကြိမ်ဖိုလ်စွဲထားသည်။

ရော်ဂျာဖက်ဒဲရား

ကမ္ဘာ့အဆင့်(၂) သတ်မှတ်ခံထားရသည့် ရော်ဂျာဖက်ဒဲရားကို ၁၉၈၁ ခုနှစ် ဩဂုတ် ၈ ရက်က ဆွစ်ဇာလန်နိုင်ငံ ဘေလ်ဆယ်မြို့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို (၁၁)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လေးကြိမ်ချန်ပီယံဖြစ်ထားသည်။ ရော်ဂျာဖက်ဒဲရား၏ ဂရင်းဆလင်းပြိုင်ပွဲ အောင်မြင်မှုကိုကြည့်လျှင် ပြင်သစ်အိုးပင်းတွင် ၂၀၀၉ ခုနှစ်က တစ်ကြိမ်သာအောင်မြင်မှုရခဲ့သော်လည်း ဝင်ဘယ်ဒန်အိုးပင်းတွင် ခြောက်ကြိမ်၊ ယူအက်စ်အိုးပင်းတွင် ငါးကြိမ် စုစုပေါင်းဂရင်းဆလင်းချန်ပီယံဆု (၁၆)ကြိမ်တိတိ ရရှိထားဖူးခြင်းကြောင့် ဂရင်းဆလင်းပြိုင်ပွဲများတွင် အအောင်မြင်ဆုံး ကစားသမားဖြစ်သည်။

ရော်ဘင်ဆိုဒါလင်း

ရော်ဘင်ဆိုဒါလင်းကို ၁၉၈၄ ခုနှစ် ဩဂုတ် ၁၄ ရက်က ဆွီဒင်နိုင်ငံတီဘရိုမြို့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ငါးကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမြင့်ဆုံးအောင်မြင်မှုမှာ ဒုတိယအဆင့်သာ ဖြစ်သည်။ ယင်းပြင် ၎င်းသည် ပြင်သစ်



စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်။

အိုးပင်းတွင် ဒုတိယနှစ်ကြိမ်၊ ဝင်ဘယ်ဒန်အိုးပင်းတွင် ကွာတားဖိုင်နယ်နှင့် ယူအက်စ်အိုးပင်းတွင် ကွာတားဖိုင်နယ်သို့သာ တက်ရောက်ခဲ့ဖူးသည်။ အဆိုပါ ဆွီဒင်ကစားသမား ရော်ဘင်ဆိုဒါလင်းက ရော်ဂျာဖက်ဒဲရားနှင့် ရာဖေးလ်နာဒယ်တို့၏ ဂရင်းဆလင်းပြိုင်ပွဲများအပေါ် လွှမ်းမိုးထားမှုများကို ယခုနှစ်တွင် အဆုံးသတ်စေရမည်ဟု ကြိုးဝါးထားသည်။

အင်တာနက်။

ဂျူဗင်တပ်စ်ဂိုးသမား ဘတ်ဖွန်ကို ခေါ်ယူမည်မဟုတ်ဟု မန်စီနီ အာမခံ

မန်ချက်စတာ ဇန်နဝါရီ ၁၃

မန်ချက်စတာစီးတီးအသင်း နည်းပြရောဘတ်တိုမန်စီနီက ၎င်းအနေဖြင့် ဂျူဗင်တပ်စ်ဂိုးသမား ဘတ်ဖွန်ကို ပရီမီယာလိဂ်သို့ ခေါ်ယူမည်မဟုတ်ဟု အာမခံပြောကြားလိုက်ခြင်းဖြင့် ဂျူဗင်တပ်စ်အသင်းအား စိတ်သက်သာရာ ရစေခဲ့သည်။

ကာလရှည်ကြာ ဒဏ်ရာပြဿနာကြောင့် နားနေရသော အီတလီလက်ရွေးစင်ဂိုးသမားကြီးသည် မကြာသေးမီကမှ ဒဏ်ရာမှပြန်သက်သာလာခဲ့သည်။ ၎င်းအား မန်စီးတီးက ခေါ်ယူရန် ဆက်သွယ်လျက်ရှိသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ အဆိုပါ ဂိုးသမားကို သဘောကျနှစ်သက်ဆဲဟု ဆိုသည့် မန်စီနီက "ဘက်ဖွန်က ကမ္ဘာ့အကောင်းဆုံးတွေထဲက တစ်ယောက်ပါ။ ဒါပေမယ့် မန်စီးတီးအသင်းကတော့ ငယ်ရွယ်ပြီး အလားအလာကောင်းတွေ ပိုင်ဆိုင်တဲ့ ဂျိုးဟတ်တစ်ယောက်တည်းကိုပဲ ရေရှည်အားကိုးဖို့ ဆုံးဖြတ်ပြီးသားပါ" ဟု အီတလီမီဒီယာ တစ်ရပ်သို့ ဆိုခဲ့သည်။

"သေချာပေါက် ပြောနိုင်တာကတော့ ဘတ်ဖွန်အတွက် ကမ်းလှမ်းမှုတွေ ဘယ်တော့မှ ပြုလုပ်မည်မဟုတ်"ဟု မန်စီနီက အတိအလင်းဆိုခဲ့သည်။

အင်တာနက်။



ဒဏ်ရာကြောင့် နားနေရသည့် ဂျူဗင်တပ်စ်ဂိုးသမား ဘတ်ဖွန်။

တောင်ကိုရီးယားနှင့် ဩစတြေးလျကို ဂရုမစိုက်ဟု အီရန်အသင်းခေါင်းဆောင် နီကိုနမ် ကြုံးဝါး

ဒိုဟာ ဇန်နဝါရီ ၁၃

အီရန်အသင်းခေါင်းဆောင် ဂျာဗက်နီကိုနမ်က အာရှဖလားကွာတားဖိုင်နယ်တွင် တောင်ကိုရီးယားနှင့် ဩစတြေးလျတို့အနက် မည်သည့်အသင်းနှင့် ယှဉ်ပြိုင်ရသည်ဖြစ်စေ အနိုင်ကစားပြီး အာရှဖလား အရယူမည်ဟု ကြုံးဝါးလိုက်သည်။

အုပ်စု(ဃ) အဖွင့်ပွဲစဉ်တွင် အီရန်အသင်းသည် လက်ရှိချန်ပီယံ အီရတ်ကို အနိုင်ရရှိခဲ့သဖြင့် အုပ်စုတက်ရန် အခြေအနေကောင်းနေသည်။ ထိုသို့ အုပ်စုတက်မည်ဆိုလျှင် အီရန်သည် အာရှဘောလုံးထိပ်သီး တောင်ကိုရီးယားနှင့် ဩစတြေးလျတို့ကို ကွာတားဖိုင်နယ်တွင် ဆုံတွေ့ရဖွယ်ရှိနေသည်။

စပိန်ကလပ်အိုဆာဆူနာတွင် ကစားနေသော အီရန်အသင်းခေါင်းဆောင် နီကိုနမ်က "နောက်ပွဲဘယ်အသင်းနဲ့ ကစားရ ကစားရ ကျွန်တော်တို့အတွက်တော့ မထူးပါဘူး။ ကျွန်တော်တို့ရဲ့ ပစ်မှတ်က အာရှဖလားရဖို့ပဲ"ဟု ဆိုသည်။

၎င်းက အီရန်အသင်းအနေဖြင့် ယူအေအီးနှင့် မြောက်ကိုရီးယားတို့ကို အနိုင်ကစားနိုင်မည်ဟုလည်း ခန့်မှန်းပြောကြားခဲ့သည်။ ***အင်တာနက်။***

စိုးတင့်နိုင်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာဘာသာရပ်များ နေ့စဉ်ဖော်ပြမည်

နေပြည်တော် ဇန်နဝါရီ ၁၃

၂၀၁၁ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ဘာသာရပ်များကို ဇန်နဝါရီ ၁၅ ရက်မှစ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နေ့စဉ်ဖော်ပြသွားမည် ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာဘာသာရပ်များ နေ့စဉ်ဖော်ပြမည့် အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁။	မြန်မာစာ	၁၅-၁-၂၀၁၁
၂။	စိတ်ကြိုက်မြန်မာစာ	၁၆-၁-၂၀၁၁
၃။	အင်္ဂလိပ်စာ	၁၇-၁-၂၀၁၁
၄။	သင်္ချာ	၁၈-၁-၂၀၁၁
၅။	ဓာတုဗေဒ	၁၉-၁-၂၀၁၁
၆။	ရူပဗေဒ	၂၀-၁-၂၀၁၁
၇။	ဇီဝဗေဒ	၂၁-၁-၂၀၁၁
၈။	ပထဝီဝင်	၂၂-၁-၂၀၁၁
၉။	သမိုင်း	၂၃-၁-၂၀၁၁
၁၀။	ဘောဂဗေဒ	၂၄-၁-၂၀၁၁



မြေ င လျင် လှုပ်ရှားမှုကို ကျယ် ကျယ် ပြန့် ပြန့် လေ့လာနိုင်ရန် အိန္ဒိယနိုင်ငံမှ သိပ္ပံပညာရှင်များ ပြင်ဆင်ဆောင် ရွက် လျက် ရှိစဉ်။ *(ဓာတ်ပုံ- အင်တာနက်)*

မြေ င လျင် သိ ပ္ပံ အင် တာ နက် သ တင်း ➤ ဘာသာပြန် - သတင်းလုလင်

မြေငလျင်လေ့လာရေး မြေအောက်သုတေသနစခန်း အိန္ဒိယနိုင်ငံ မဟာရာရှထြာပြည်နယ်၌ တည်ထောင်မည်

နယူးဒေလီ ဇန်နဝါရီ ၁၃

အိန္ဒိယသိပ္ပံပညာရှင်များသည် မြေငလျင်များအား လေ့လာနိုင်ရန် ရည်မှန်းချက်ကြီးမားသော စီမံကိန်းတစ်ရပ်အဖြစ် မြေငလျင်လေ့လာရေး သုတေသနစခန်းတစ်ခုကို မြေအောက်၌ တည်ဆောက်မည်ဖြစ်ကြောင်း အစိုးရအထက်တန်း တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

မြေငလျင်လေ့လာရေး မြေအောက်သုတေသနစခန်းတစ်ခုကို တည်ဆောက်နိုင်ရန် အိန္ဒိယ ဘူမိသိပ္ပံပညာရပ်များဆိုင်ရာ ဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံအခြေစိုက် နိုင်ငံတကာ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ တူးဖော်လေ့လာရေးအစီအစဉ်တို့ နားလည်မှုစာချွန်လွှာတစ်ရပ်ကို နယူးဒေလီ၌ လက်မှတ်ရေးထိုးလိုက်ကြပြီဖြစ်သည်။ မြေငလျင်လေ့လာရေး မြေအောက်သုတေသနစခန်း တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ရန် အိန္ဒိယအစိုးရအဖွဲ့က ရူပီးငွေ ကုဋေ ၃၅၀ ကျခံသုံးစွဲရမည် ဖြစ်သည်။

အိန္ဒိယနိုင်ငံ မဟာရာရှထြာပြည်နယ်ရှိ ကိုယာနာဆည်အနီး၌ မြေအောက်အနက် ရှစ်ကီလိုမီတာအထိ ဥမင်တွင်းတစ်တွင်းကို တူးဖော်ရန် သိပ္ပံပညာရှင်များက စီစဉ်ထားသည်။

မြေငလျင်လေ့လာရေး မြေအောက်သုတေသနစခန်းသည် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

ညအပူချိန်များ လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၃

ယနေ့နံနက် ၆ နာရီခွဲတွင် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ ညအပူချိန်များသည် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၌ ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းနေခဲ့သည်ဟု တိုင်းထွာရရှိကြောင်း သိရသည်။

လက်ရှိ မိုးလေဝသအခြေအနေ တိုင်းထွာချက်များအရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် ယနေ့မွန်းတည့်မှ နောက်ငါးရက်အထိ ညအပူချိန်များသည် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက်လျော့နည်းနေပြီး အအေးပိုလာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)